နေ့စွဲ – ၂၇. ၃. ၂၀၁၁

## ခရစ်တော်၊ ကျွန်ုပ်တို့၏အကြီးမြတ်ဆုံးပရောဖက်

## (Christ Our Chief Prophet)

ခရစ်တော်သည် အပြစ်အတွက် တခုသောယဇ်ပူဇော်ခြင်းကို ပြုလုပ်ပေးသူ မြင့်မြတ်သောယဇ်ပုရောဟိတ်ဖြစ်သည်သာမက၊ သူသည် ကျွန်တော်တို့၏ ပရောဖက်နှင့်ရှင်ဘုရင်လည်း ဖြစ်သည်ကို အများစုက မေ့နေကြပါသည်။ ထိုဌာနများသည်လည်း၊ ယဇ်ပုရောဟိတ်ဌာနကဲ့သို့ အရေးကြီးကြပါသည်။

ကျွန်တော်တို့၏ ပရောဖက်အနေနှင့် သူသည် ဘုရားသခင်၏စကား(နှုတ်ကပတ်တော်)ကို ကျွန်တော်တို့ထံ ယူလာပေးသူဖြစ်ပါသည်။ ထိုအလုပ်ကို ပထမအနေနှင့် သူကိုယ်တိုင် ဘုရားသခင်၏ စကားတော်ဖြစ်ခြင်းဖြင့် ပြုလုပ် ပါသည် (ယော ၁း၁)။ အသက်ရှင်သောစကားအဖြစ် သူသည် ကျွန်တော်တို့ထံ ဘုရားသခင်၏ အားလုံးသောကျေး ဇူးတော်၊ ဂရုဏာ၊ ချစ်ခြင်း တို့ကိုသာမက၊ ဘုရားသခင်၏ သန့်ရှင်းခြင်း၊ ဖြောင့်မတ်ခြင်းနှင့် အမျက်ဒေါသတို့ကို လည်း ဖွင့်ပြပေးပါသည်။

ခရစ်တော်သည် ကျွန်တော်တို့၏ပရောဖက်အနေနှင့် ကျွန်တော်တို့ထံ ဘုရားသခင်၏စကားကိုလည်း ပြောပြပါသည်။ ထိုအချက်ကို သူသည် ဧဝံဂေလိတရားဟောခြင်းဖြင့် ပြုလုပ်ပေးပါသည်။ သစ္စာရှိသောတရားဟောဆရာများကိုစေလွှတ်လျှက် မိမိလူများက သူ၏အသံကို ကြားနိုင်ရန် ပြုလုပ်ပါသည်(ယော ၅း၂၅၊ ၁၀း၂၇)။ ထိုသို့ဖြင့် သူ့လူများက သူ့ကို မမြင်ဘူးကြသော်လည်း၊ သူ့ကို ချစ်ကြပါသည်၊ နာခံကြပါသည် (ယော ၂၀း၁၉)။ ဤအချက်သည် တရားဟောခြင်းနှင့်ပတ်သက်၍ ကျမ်းစာကပြောပြသည့် အရေးကြီးသောအမှန်တရားတခုဖြစ်ပါသည်။ ၎င်းမှာ တရားဟောခြင်းထဲမှနေ၍ ဘုရားသခင်၏လူများသည် သခင်ခရစ်တော်၏အသံကို သန့်ရှင်းသောဝိညာဉ်တော်၏လုပ်ကိုင်ပေးခြင်းမှတဆင့် ကြားကြပါသည်။ ထိုအချက်က တရားဟောခြင်းကို ကယ်တင်ခြင်းရစေနိုင်သည့် ဘုရားသခင် ၏တန်ခိုး ဖြစ်လာစေပါသည်(ရောမ ၁း၁၆)။ ထို့အတွက်ကြောင့် ယုံကြည်ခြင်းသည် ကြားနာခြင်းအားဖြင့်ဖြစ်သည် ဟုပြောခြင်းဖြစ်ပါသည်(ရောမ ၁၀း၁၇)။

ခရစ်တော်သည် ထိုမျှတန်ခိုးကြီးစွာ ပြောပြနေသဖြင့်၊ ကျွန်တော်တို့ အခြားပရောဖက်ကို မလိုအပ်ပါ၊ ရှာစရာလည်း မလိုအပ်သလို၊ လိုက်စရာလည်း မလိုအပ်ပါ။ ယနေ့ခေတ် မိမိတို့ကိုယ်ကို ပရောဖက်ဖြစ်သည်ဟု ပြောနေကြသူများ၊ လုံးဝအမှားမပါသောစကားကိုပြောနိုင်သည်ဟု ပြောနေသူများ၊ (သို့) ဘုရားသခင့်အလိုတော်ကို ဖွင့်ပြနိုင်ပါသည်ဟု ပြောနေကြသူများသည် ခရစ်တော်ရှေ့မှောက်တွင် အရှက်ကွဲကြရပါမည်၊ သူတို့သည် ခရစ်တော်၏ ထူးခြားလှသော ပရောဖက်ဖြစ်ခြင်းဌာနကို ငြင်းပယ်ကြသူများဖြစ်ကြသည်။ ခရစ်တော်မလာခင်ကတော့ အခြားသောပရောဖက်များကို လိုအပ်ခဲ့ပါသည်။ သို့သော် ဘုရားသခင်၏အသက်ရှင်သော၊ အမြဲတည်သော စကားအဖြစ် ခရစ်တော်လာပြီးနောက်ပိုင်း အခြားသူများကို မလိုအပ်တော့ပါ။

ခရစ်တော်၏ ပရောဖက်အဖြစ်လုပ်ကိုင်ပေးခြင်းသည် အလွန်အရေးကြီးလှသဖြင့် မောရှေက သူမမွေးခင် နှစ်ပေါင်းများစွာကပင် သူ့အကြောင်းကို ကြိုတင်ပြောခဲ့ပါသည်(တရား ၁၈း၁၅၊ တမန် ၃း၂၂)။ မောရှေက ခရစ်တော်၏ပရောဖက်အလုပ်နှင့်ပတ်သက်၍ “သင်တို့၏ဘုရားသခင်ထာဝရဘုရားသည်၊ သင်တို့အမျိုးသားချင်းတို့အထဲ၌ ငါနှင့်တူသော ပရောဖက်တပါးကို သင်တို့အဘို့ ပေါ်ထွန်းစေတော်မူမည်။ ထိုပရောဖက်ဟောပြောသမျှသော အရာတို့ကို သင်တို့သည် နားထောင်ရကြမည်”ဟု ပြောခဲ့သည် (တမန် ၃း၂၂)။

လူအများသည် မောရှေပြောသမျှကို နားမထောင်ကြပါ၊ ဂရုမစိုက်ကြပါ၊ ထို့ကြောင့် မောရှေက ပို၍ကောင်းသောပရောဖက် လာဦးမည်ဟု ပြောခဲ့ခြင်းဖြစ်ပါသည်။ နောက်လာမည့်ပရောဖက်က သူ့စကားကို နားထောင်အောင် လုပ်ပေးနိုင်သူဖြစ်မည်။ ဘုရားသခင့်သားတော်အနေဖြင့် ထိုမျှအစွမ်းတန်ခိုးရှိလျှက်ခေါ်သောအခါ၊ အပြစ်သားတို့သည် မနာခံဘဲ မနေနိုင်ကြတော့ပါ။ နောင်တရလျှက် ယုံကြည်ပါဟု ခေါ်သောအခါ၊ သူ၏တန်ခိုးကြီးလှသောအသံက သူ့လူများ၏နှလုံးသားများတွင် ယုံကြည်ခြင်းနှင့်နောင်တတရားကို ဖြစ်လာစေပါသည်။ သူစကားပြောသောအခါ၊ သေသောသူသည် ဘုရားသခင့်သားတော်၏အသံကိုကြားသဖြင့် အသက်ပြန်ရှင်လာပါတော့သည် (ယော ၅း၂၅)။ ထို့ကြောင့် မောရှေက “သူပြောသမျှ သင်တို့နားထောင်ကြမည်”ဟု ပြောခဲ့ခြင်းဖြစ်သည်။

အပြစ်သားတို့သည် (ဝိညာဉ်)သေနေကြသဖြင့် ခရစ်တော်၏အသံကိုမကြားနိုင်ကြပါ၊ ခရစ်တော်က ထိုသို့ တန်ခိုးကြီးစွာပြောသည့်အခါမှသာ ကြားနိုင်လာကြပါသည်။ ထိုသို့ပြောသဖြင့် မိမိတို့အပြစ်များ၌နောင်တမရဘဲ သေ

ကြသူများတွင် တာဝန်မရှိပါဟု ပြောနေခြင်းမဟုတ်ပါ။ "အီကင်္သူ ထိုပေရာဖက်၏ စကားကိုနားမထောင်ဘဲ နေအံ့၊ ထိုသူသည် မိမိအမ်ိုးထဲက ပယ်ဖျက်ခြင်းကိုခံရမည်"(တမန် ၃း၂၃)။

ခရစ်တော်က ကျွန်တော်တို့နှလုံးသားများထဲတွင် သူ၏တန်ခိုးကြီးလှသော၊ ဖန်ဆင်းနိုင်သော စကားကို ပြောသည့်အခါမှသာ သူ့အသံကို ကြားနိုင်ကြပါသည်။ ကျွန်တော်တို့ ကြားမှလဲဖြစ်ပါမည်၊ မဟုတ်ပါက ပျက်ဆီးကြမည်ဖြစ်ပါသည်။ ပရောဖက်အနေနှင့် သူက နားထောင်ပါဟု တောင်းဆိုနေပါသည်။ "ထို့ကြောင့် ငါတို့သည် ကြားခဲ့ရပြီးသော အကြောင်းအရာကို ပို၍အလေးအနက်ထား၍ ဂရုစိုက်ရမည်၊ ထိုသို့မဟုတ်ပါက ၄င်းတို့သည် ငါတို့ထံမှ လျှောထွက်သွားမည်ဖြစ်သည်" (ဟေဗြဲ ၂း၁ ကျမ်းဘုရင်မူ)။

(Doctrine According to Godliness, Rev. Ronald Hanko၏စာအုပ်မှ ဘာသာပြန်ပါသည်)

+++++++++++++++++++++++++++++++++++++++++++++++++++++++++++

## ဆုတောင်းခြင်း၏အဖြေရဖို့ သေချာခြင်း (The Certainty of Prayer's Answer)

(၅)–တဖန်မိန့်တော်မူသည်ကား၊ သင်တို့တွင်တစုံတယောက်သောသူ၌အဆွေခင်ပွန်းရှိသည်ဖြစ်၍၊ သန်းခေါင်အချိန်တွင် ထိုအဆွေခင်ပွန်း၏အိမ်သို့သွားပြီးလျှင်–"အဆွေ၊ (၆)–အကျွန်ုပ်အဆွေခင်ပွန်းတယောက်သည်ခရီးမှလာ၍ အကျွန်ုပ်ထံ သို့ရောက်ပါပြီ။ သူ့ကိုကျွေးစရာမရှိသောကြောင့် မုန့်သုံးလုံးချေးနှင့်ပါ"–ဟုဆိုသော်၊(၇)–အိမ်ရှင်ကလည်း–"ငါ့ကိုမနှောင့်ယှက်ပါနှင့်။ တံခါးပိတ်လျက်ရှိ၏၊ ငါ့သားသမီးတို့သည်ငါနှင့်အိပ်လျက်ရှိကြ၏။ ငါထ၍သင့်အားမပေးနိုင်"–ဟု အိမ်ထဲကပြန် ပြောသည့်အရာမှာ၊(၈)–ငါဆိုသည်ကား၊ အဆွေခင်ပွန်းဖြစ်သည်ကိုထောက်၍မထ၊ မပေးသော်လည်းအားမလျော့ဘဲတောင်း၍နေသောကြောင့် ထ၍လိုချင်သမျှကိုပေးလိမ့်မည်။(၉)–တဖန်ငါဆိုသည်ကား၊ တောင်းကြလော့၊ တောင်းလျှင်ရမည်။ ရှာကြလော့၊ ရှာလျှင်တွေ့မည်။ တံခါးကိုခေါက်ကြလော့၊ ခေါက်လျှင်ဖွင့်မည်။ (၁၀)–တောင်းသောသူမည်သည်ကားရ၏။ ရှာသောသူလည်းတွေ့၏။ ခေါက်သောသူအားလည်းတံခါးကိုဖွင့် ၏။(လုကာ ၁၁း၅–၁၀)

**မိတ်ဆက်စကား**

ဤပုံဥပမာပြောကြားခဲ့သည့်အချိန်ကာလကိုဆုံးဖြတ်ရန်ခက်ခဲသည်။ သို့သော်လည်း ဂျော်ဒန်မြစ်အရှေ့ဖက်ခြမ်း၊ 'ပီရီးယား'ဒေသတွင် သခင်ယေရှုအမှုတော်ဆောင်နေစဉ်ကာလအတွင်း သွန်သင်ပေးခဲ့ခြင်းဖြစ်နိုင်ချေရှိသည်။

သခင်ယေရှုခရစ်တော်၏နိုင်ငံတော်သားများ၏ထူးခြားသောစရိုက်သဘာဝများထဲမှ (အရေးအကြီးဆုံးမဟုတ်လျှင်သော်မှ)အဓိကကျသောအရာတခုမှာ ဆုတောင်းခြင်းအကျင့်ပင်ဖြစ်သည်။ ဤထူးခြားသောစရိုက်သဘာဝသည် ဤပုံဥပမာ၏ သွန်သင်ချက်ပင်ဖြစ်သည်။ ကောင်းကင်နိုင်ငံတော်၏နိုင်ငံသားဖြစ်ရခြင်း၏ ကြီးမြတ်သောကောင်းချီးမင်္ဂလာကြီးမှာ နိုင်ငံသားများသည် သူတို့၏ကောင်းကင်ဘုံ၌ရှိသောခမည်းတော်ဘုရားနှင့် ပဋိညာဉ်မိဿဟာယဖွဲ့လျက်အသက်ရှင်ခွင့်ရခြင်းဖြစ်၏။ ထို့အတူ ဤနိုင်ငံတော်သားများလောကထဲမှာရှိနေကြစဉ်အတွင်းတွင် ဤမိဿဟာယဖွဲ့ခြင်းထဲသို့ ဆုတောင်းခြင်းအားဖြင့်ဝင်ရောက်နိုင်သောအခွင့်ထူးကိုရရှိကြသည်။ ကမ္ဘာကြီး၏အလယ်တွင် သူတို့တတွေကောင်းကင်နိုင်ငံတော်၏ နိုင်ငံတော်သားများ အဖြစ်လျှောက်လှမ်းနိုင်ခွင့်ရရှိကြခြင်းမှာ ဘုရားသခင့်ကျေးဇူးတော်၏ တန်ခိုးတော်သက်သက်ကြောင့်သာဖြစ်၏။ ထိုကျေးဇူးတော်သည် ဘုရားသခင်ထံတော်ပါးမှသာလာရောက်ခြင်းဖြစ်သည်။ ဘုရားသခင်၏သားသမီးများအနေနှင့် (သူတို့၏အမြင့်ဆုံး သောဘုရားသခင်အပေါ် အစဉ်အမြဲမှီခိုနေရမှုကို နက်ရှိုင်းစွာသတိထားမိနေသောကြောင့်) ကောင်းချီးမင်္ဂလာအားလုံးစီးထွက် လာရာစမ်းရေပေါက်ကို ဆုတောင်းပဌနာပြုခြင်းထဲမှနေ၍ရှာဖွေကြခြင်းမှာ သဘာဝကျလှပေသည်။

ဤသို့ဖြစ်သောကြောင့် တပည့်တော်များသည် သခင်ယေရှုထံသို့လာရောက်၍–"အရှင်ဘုရား၊ ယောဟန်ကသူ၏တပည့်များကို ဆုတောင်းနည်း သင်ပေးသည့်အတိုင်း ကျွန်ုပ်တို့ကိုလည်း ဆုတောင်းနည်းသင်ကြားပေးပါ" ဟု တောင်းလျှောက်ကြခြင်းမှာ အံ့ဩစရာမဟုတ်တော့ပါ (လုကာ ၁၁း၁)။ သခင်ဘုရားကိုယ်တော်တိုင် ဆုတောင်းပဌနာပြုခြင်းတွင် အချိန်များစွာအသုံးပြုခဲ့သည်။ အမှန်စင်စစ် သခင်ဘုရားသည် တိတ်ဆိတ်သောဂါလိလဲညများတွင် သူ၏ခမည်းတော်ဘုရားထံဆုတောင်း ပဌနာပြုခြင်းအားဖြင့် တညလုံးမအိပ်ဘဲအချိန်ယူခဲ့သောညပေါင်းများစွာရှိခဲ့ပေသည်။ တပည့်တော်များအနေနှင့် သူတို့၏အရှင်ဘုရားဖြစ်သူသည် ပြီးပြည့်စုံသောသူဖြစ်လျက်နှင့် ဆုတောင်းပဌနာပြုဖို့လိုအပ်နေလျှင် သူတို့အတွက်အဘယ်မျှလောက်အရေး တကြီးလိုအပ်နေမည်နည်း?ဆိုသည်ကို ရှင်းလင်းစွာနားလည်နေကြမည်မှာ သေချာလှပါသည်။

သူတို့၏တောင်းဆိုချက်ကိုအဖြေပေးသည့်အနေနှင့် သခင်ဘုရားသည် သူ၏တပည့်တော်များနှင့် ခေတ်အဆက်ဆက်မှအသင်းတော်များအတွက် စစ်မှန်သောဆုတောင်းခြင်းအားလုံး၏ ဝိညာဉ်ရေးရာစံနမူနာအဖြစ်–"ကောင်းကင်ဘုံ၌ရှိတော်မူသော အကျွန်ုပ်တို့၏အဖ..."ဟူ၍အစချီသော'ပဌနာတော်ဆုတောင်း'ကို ပေးအပ်လိုက်၏။ ထို့အတူ သခင်ဘုရားက ဤစုံလင်သော'ပဌနာတော်ဆုတောင်း'နှင့်အတူ ဆုတောင်းခြင်း၏စစ်မှန်သောဂုဏ်အင်္ဂါရပ်များကို(သူချစ်မြတ်နိုးသည့်ခေတ်အဆက်ဆက်မှ ယုံကြည်သူများအတွက်) ဤပုံဥပမာအားဖြင့် ထပ်မံသွန်သင်ပေးလိုက်ပြန်သည်။

ဤပုံဥပမာ၏ အဓိကဆိုလိုချက်မှာ "ဆုတောင်းခြင်း၏အဖြေရဖို့ အပြည့်အဝသေချာမှုရှိခြင်း"ပင်ဖြစ်၏။ ဤအချက်သည် သခင်ဘုရား၏–"တောင်းကြလော့၊ တောင်းလျှင်ရမည်။ ရှာကြလော့၊ ရှာလျှင်တွေ့မည်။ တံခါးကိုခေါက်ကြလော့၊ ခေါက်လျှင်ဖွင့်မည်။"–ဟူ၍ကိုယ်တိုင်ညွှန်ကြားထားချက်အားဖြင့် သက်သေထင်ရှားလျက်ရှိ၏။

ဘုရားသခင်၏သားသမီးများ၏ဆုတောင်းချက်မှန်သမျှအဖြေမရဘဲမနေပါဟု ကျွန်တော်တို့အား သွန်သင်နေရင်းနှင့် သခင်ဘုရားက ကျွန်တော်တို့ကိုဆုတောင်းခြင်း၌ဇွဲနပဲကြီးစွာဆုတောင်းကြဖို့လည်းခွန်အားပေးထား၏။ ဤသို့သောခွန်အားပေးခြင်းမျိုးကို ကျွန်တော်တို့လိုအပ်နေပါ၏။ မကြာခဏဆိုသလိုပင် ကျွန်တော်တို့ဆုတောင်းဖို့မေ့လျော့တတ်ကြသည်။ ကျွန်တော်တို့၏ဆုတောင်းချက်များသည် အားလုံးကိုခြုံ၍ကြည့်လိုက်လျှင် နည်းလည်းနည်း၍၊ တစုနှင့်တစုအကြားဝေးလဲဝေးလှ ကြောင်းတွေ့ရ၏။ နောက်ဆုံးသောအချိန်တွင် ကျွန်တော်တို့ဘုန်းထင်ရှားရာနေရာ(ကောင်းကင်ဘုံ)သို့ရောက်ရှိချိန်တွင်တော့ ကျွန်တော်တို့၏ဆုတောင်းခြင်းများမည်မျှနည်းပါးလှကြောင်းကိုရှင်းလင်းထင်ရှားစွာသိရှိခွင့်ရလိမ့်ဦးမည်မှာ သံသယရှိစရာမလိုပါ။ ရှေ့ဆက်ပြောရလျှင် ကျွန်တော်တို့၏ ဆုတောင်းချက်များချက်ချင်းအဖြေမရသောအခါများတွင် ကျွန်တော်တို့သည်စိတ်ပျက်အားလျှော့၍ ဆုတောင်းခြင်းကိုပင် ရပ်တန့်လိုက်တတ်ကြသည်။ ထိုအချိန်မျိုးတွင်–ကျွန်တော်တို့၏ဆုတောင်းခြင်းအမှု ဇွဲနပဲကြီးစွာဆုတောင်းကြပါလျှင်ကျွန်တော်တို့တောင်းလျှောက်သမျှကို သူကအသေအချာပေးမည်ဖြစ်သည်–ဟူသော သခင်ဘုရား၏ကတိတော်ကိုကျွန်တော်တို့လိုအပ်လှပါသည်။

ကျွန်တော်တို့အဘယ့်ကြောင့်မဖြစ်မနေဆုတောင်းကြရသနည်း

ဤပုံဥပမာသည် တချို့အချက်များကြောင့် အနည်းငယ်ထူးဆန်းနေ၏။ သခင်ဘုရားသည် ဤပုံဥပမာထဲတွင်ပါဝင်သောအရာများနှင့် ဆုတောင်းခြင်း၏အမှန်တရားတို့အကြား ချွင်းချက်မရှိဆက်စပ်ပေးဖို့ရန်မရည်ရွယ်ပါ။ ဤသို့လုပ်ဖို့ရန်လုံးဝမဖြစ်နိုင်ပါ။ အမှန်အားဖြင့် သော့ချက်ကျသောစကားလုံးများကို–"ကောင်းကင်ဘုံရှင် အဖဘုရားသခင်သည် သူ့အား တောင်းလျှောက်သူများထံ သန့်ရှင်းသောဝိညာဉ်တော်ကို ပို၍ရက်ရောစွာ ပေးအပ်တော်မူမည်မဟုတ်လော?"(လုကာ၁၁း၁၃) ဟူသောကျမ်းပိုဒ်တွင်တွေ့ရသည်။ အကယ်၍ လောကီဆိုင်ရာမိဿဟာယဖွဲ့ခြင်းများတွင် အချို့သောအချက်များမှန်ကန်ခြင်းရှိလျှင် ကောင်းကင်ဘုံနှင့်ဆိုင်သောမိဿဟာယဖွဲ့ခြင်းတွင် မည်မျှပို၍မှန်ကန်ခြင်းရှိမည်နည်း? အကယ်၍ ပုံဥပမာအရအိမ်နီးချင်းဖြစ်သူသည် သူ၏သူငယ်ချင်းကတောင်းဆိုနေသောစားစရာပေါင်မုန့်ကိုပေးလိုက်ပါလျှင်၊ ကျွန်တော်တို့၏ကောင်းကင်ဘုံရှင်အဖက သူရွေးကောက်ထားသောသားသမီးများ သူ့ထံသို့ဆုတောင်းသံများကို အဖြေပေးရန်အလိုတော်ရှိသည်ဆိုသောအချက် မည်မျှပို၍မှန်ကန်ခြင်းရှိမည်နည်း။

လူတယောက်သည် ညသန်းကောင်ကြီးတွင် ဧည့်သည်တဦးကိုလက်ခံလိုက်၏။ ဧည့်သည်သည် ခရီးရှည်ကြီးကိုဖြတ်သန်းလာခဲ့ရ၏၊ သူ၏သူငယ်ချင်းအိမ်ထဲသို့ ဆာလောင်မွတ်သိပ်စွာ၊ မောပန်းနွမ်းနယ်စွာ ဝင်ရောက်လာခဲ့၏၊ သို့သော်သူငယ်ချင်းအိမ်၌ ဧည့်သည်အားကျွေးမွေးရန် ဘာမျှမရှိပါ။ ဤအခြေအနေသည် အရှေ့တိုင်း နိုင်ငံများအတွက်မထူးဆန်းပါ။ ပူပြင်းသောရာသီဥတုထဲတွင်နေထိုင်ကြရပြီး၊ ရေခဲသေတ္တာဆိုတာလဲဝေလာဝေးဖြစ်သည်။ ထို့ကြောင့် ထိုအရပ်ဒေသမျိုးတွင် လူတို့သည် မနက်စောစောတွင် ထိုတနေ့စာ လုံလောက်သော အစားအစာကိုသာဝယ်ယူကြသည်။ ထို့ကြောင့် ညအချိန်တွင်အိမ်ထဲ မှာစားစရာဆို၍ဘာတစုမျှမရှိတော့ဘဲဖြစ်နေတတ်သည်။ မည်သို့ပင်ဖြစ်စေ၊ မိတ်ဆွေတဦးရောက်လာခဲ့လျှင်၊ ညသန်းကောင်ကြီးဘဲဖြစ်ပါစေ သူ့ကိုဧည့်ဝတ်ပြုလျက် လိုသမျှဖြည့်ဆည်းပေးရမည်သာဖြစ်၏။ သူ့ကိုဆာလောင်နေလျက်နှင့်အိပ်ရာဝင်ခိုင်းပြီး နောက်နေ့မနက်ရောက်မှသာ တစုံတစုစားရန်ပြင်ဆင်ပေးမည်–ဟုပြော၍မဖြစ်ပါ။

ထိုအချိန်မျိုးမှာလုပ်စရာတခုသာရှိတော့သည်။ အိမ်ရှင်သည်သူ၏အိမ်နီးချင်းထံသွား၍သူ၏တံခါးကို၏ခေါက်ကာစားစရာပေါင်မုန့်တချို့တလေကျန်နေဦးမလားမျှော်လင့်ချက်နှင့် အိပ်ရာကနှိုးလိုက်တော့သည်။ သို့သော် အိမ်နီးချင်းဖြစ်သူသည် ညသန်းကောင်အချိန်ကြီးမှာထ၍သူ့မိသားစုများကိုနှိုးကာ မီးထွန်းဖို့ရာဟိုစမ်းဒီစမ်းလုပ်ရန်၊ ပေါင်မုန့်အကျန်များကိုရှာရန်–လုံးဝစိတ်မပါပါ။ ထို့ကြောင့်လည်း သူက–"ငါ့ကိုလာမနှောက်ယှက်ပါနှင့်၊ အခုအခါမှာတံခါးလည်း

ပိတ်ထားပြီ၊ ထို့အတူငါ့သား သမီးများလည်းငါနှင့်အတူအိပ်ရာဝင်ကုန်ကြပြီ။ ငါထ၍သင်လိုသောအရာကို မပေးနိုင်ပြီ”–ဟုပြန်ဖြေလိုက်သည်။ ဤတုံ့ပြန်ချက်သည် တိုက်ရိုက်ငြင်းဆန်ခြင်းဖြစ်၍ နားလည်မှုလွဲစရာအကြောင်း လုံးဝမရှိတော့ပါ။

သို့သော်ဤအခြေအနေက တံခါးဝမှလူကိုစိတ်ပျက်အားလျော့မသွားစေပါ။ သူကတံခါးကို ဆက်၍ထုနှက်နေပြီး သူ၏အရေးပေါ်လိုအပ်ချက်ကိုအိမ်နီးချင်းရှေ့မှာထင်ရှားအောင်လုပ်ပြလိုက်၏။ သူနောက်လှည့်ပြန်သွား၍မဖြစ်ပါ။ သူကစိတ်အားထက်သန်စွာ၊ မလျှော့သောဇွဲဖြင့်ဆက်လက်၍တောင်းဆိုနေလိုက်သည်။ အဆုံးတွင် အိမ်နီးချင်းဖြစ်သူ၏သည်းခံနိုင်စွမ်း ကုန်ခမ်းသွားတော့သည်၊ သူသည်တံခါးဝသို့ထွက်လာပြီး ထိုသူတောင်းနေသောအရာကိုပေးအပ်လိုက်တော့သည်။ သူဤသို့လိုက်လျောလိုက်ခြင်းမှာ ထိုသူသည်သူ့မိတ်ဆွေဖြစ်နေ၍မဟုတ်ဘဲ၊ တံခါးဝတွင်တနာရီလောက်ကြာအောင်စွဲမြဲစွာခေါက်နေနိုင် သော ထိုသူ၏မရှက်မကြောက်လုပ်ရပ်ကြောင့်သာဖြစ်၏။

ဤပုံဥပမာထဲတွင် ရှင်းလင်းစွာအစိပ္ပါယ်ဖွင့်ရန်လိုသောအဓိကအချက်များရှိနေသည်။ (ပထမဆုံးအချက်မှာ)–ညသန်းကောင်ကြီး တံခါးကိုလာခေါက်နေသောသူသည် သူအမှန်တကယ်လိုအပ်နေသောအရာကို လာရောက်တောင်းခံနေခြင်းဖြစ် ကြောင်းထင်ရှားနေခြင်းဖြစ်၏။ သူသည် အကျိုးမဲ့အချည်းနှီးဖြစ်သော၊ ရူးမိုက်ခြင်းသက်သက်ဖြစ်သော တောင်းဆိုချက်မျိုးကို တောင်းဆိုနေခြင်းမဟုတ်ပါ။ သူသည် သိပ်အရေးမပါသောလိုအပ်ချက်အတွက်သူ့အိမ်နီးချင်းကိုအနှောက်အယှက်ပေးနေခြင်း မဟုတ်ပါ။ သူသည်ပေါင်မုန့်လိုအပ်နေသည်၊ အဘယ့်ကြောင့်ဆိုသော်သူသည် သူ့အိမ်ထဲသို့ဝင်ရောက်လာသောခရီးသည်ကို ကျွေးမွေးပြုစုရမည်ဟူသော လေးနက်သောတာဝန်ကြီးတခုအောက်မှာရောက်ရှိနေသောကြောင့်ဖြစ်သည်။

(ဒုတိယအချက်မှာ)– တံခါးခေါက်နေသောဇာတ်ကောင်သည် သူ့အိမ်အမိုးအောက်သို့လာရောက်၍ ခိုလှုံစရာနှင့်စားစရာရှာဖွေသောခရီးသည်၏ လိုအပ်ချက်များကိုဖြည့်ဆည်းပေးလိုသော လိုအင်ဆန္ဒကြောင့်သာ အကူအညီတောင်းနေခြင်းဖြစ်၏။ အခြားအကြောင်းမရှိ။ သူ့ထံတွင် သူ၏ညှော်ဝတ်ကျေပြွန်မှုကို လာရောက်ခိုလှုံသောခရီးသည်အပေါ် ချစ်ခြင်းမေတ္တာရှိနေ၏။ သူ့အိမ်နီးချင်းထံသွားရောက်၍အကူအညီတောင်းခံဖို့ရန် သူ့ကိုတွန်းအားပေးနေသောအရာသည် သူ့ဇာတိပကတိတပ်မက်ခြင်း (သို့) ကိုယ်ကျိုးစီးပွားရလိုခြင်း–တို့မဟုတ်ပေ၊ ထိုမှခြားနားစွာသူချစ်မြတ်နိုးရသောခရီးသည်ကိုဆာလောင်စွာနှင့်အိပ်ရာ ဝင်ခိုင်းရမှာလုံးဝမလိုလားသောမေတ္တာကြောင့်သာဖြစ်၏။ ထို့ကြောင့် သူသည် သူ့အိမ်နီးချင်း၏ငြိမ်းချမ်းခြင်းနှင့်အနားယူ ခြင်းကိုမနာလိုသောကြောင့်၊ ခါးသည်းသောစိတ်ထားနှင့် အနှောက်အယှက်ပေးခြင်းမဟုတ်ပါ။ သူသည်ချစ်ခြင်းမေတ္တာတခုတည်း၏နှိုးဆော်ခြင်းကို ခံစားနေရသောကြောင့် ဤသို့လုပ်နေခြင်းဖြစ်၏။

(တတိယအချက်အနေဖြင့်)– သူသည်အခြားဘယ်နေရာတွင်မှပေါင်မုန့်ရှာ၍မရတော့သောကြောင့် သူ၏အိမ်နီးချင်း ထံသို့လာရောက်ခဲ့ခြင်းဖြစ်၏။ အချိန်ကာလမှာသန်းကောင်ယံရောက်နေပြီဖြစ်၏။ ဈေးဆိုင်များပိတ်ကုန်ပြီဖြစ်၏။ ထို့အတူ သူ၏တောင်းဆိုမှုကြောင့်သူ၏အိမ်နီးချင်းအား အနှောက်အယှက်ပေးရာရောက်သည် မှန်သော်လည်း၊ သူ့တွင်အခြားအကူအညီ သွားတောင်းစရာနေရာမရှိတော့ပါ။ သူ၏အိမ်နီးချင်းက သူ့အသံကိုနားထောင်၍၊ သူ့တောင်းဆိုချက်ကိုပေးအပ်ဖို့မဖြစ်မနေ လိုအပ်နေ၏။

ဤအကြောင်းအရာအားလုံးကို ဘုရားသခင်၏လူများဆုတောင်းချိန်တွင် ဘုရားသခင်နှင့်သူတို့၏အကြားထားရှိရမည့်ဆက်ဆံရေးစည်းမျဉ်းအဖြစ်အသုံးပြုကြရမည်ဖြစ်၏။ သခင်ယေရှုက ဘုရားသခင်နှင့်သူ့လူများအကြားမှဆက်ဆံရေးသည် သားနှင့်အဖေအကြားဆက်ဆံရေးပုံစံပင်ဖြစ်ကြောင်း ကျွန်တော်တို့ကိုသွန်သင်ပေးလိုရင်း ဖြစ်ကြောင်းထင်ရှားလှသည်။ ဤပုံဥပမာ၏နောက်ဆက်တွဲအဖြစ်ပြောပြသောစကားများ–“အကယ်၍သားကပေါင်မုန့်ကိုတောင်းလာလျှင် သင်တို့အထဲမှဖခင်ဖြစ် သူများသည် သူ့ကိုကျောက်တုံးပေးလိုက်သောသူရှိလိမ့်မည်လော? သို့မဟုတ်၊ အကယ်၍၊သူကဥတလုံးတောင်းလာလျှင် ကင်းမြီးကောက်တကောင်ပေးလိုက်မည်လော?”(လုကာ၁၁း၁၁–၁၂)–အားဖြင့်ပို၍ရှင်းလင်းလာပါသည်။ ဘုရားသခင်နှင့်သူ့လူများအကြားမှ သားနှင့်အဖဆက်ဆံရေးပုံစံသည် ဆုတောင်းဖို့ရန်လိုအပ်ရခြင်းအကြောင်းကို ပို၍ထင်ရှားစွာရှင်းပြနေပါသည်။

ဘုရားသခင်သည် သူ့လူများ၏ဖခင်ဖြစ်သည်။ သူ့လူများသည် သူ၏သားသမီးများဖြစ်ကြသည်။ ဤအမှန်တရားသည် ခေတ်သစ်ဝါဒီများပြောသလို ဖန်ဆင်းခြင်းအကြောင်းတွင်မြစ်ဖျားခံလာခြင်းမဟုတ်ပါ။ (ဘုရားသခင်သည်အားလုံးအပေါ်တွင်ဖခင်ဖြစ်ခြင်းနှင့် ယေဘုယျလူသားအားလုံးညီအကိုဖြစ်ခြင်း)–စသောအယူဝါဒများသည်မှားယွင်းသောအယူဝါ ဒများဖြစ်ကြ၏။ ဘုရားသခင်သည် လူသားအားလုံးကိုဖန်ဆင်းခဲ့သည်မှာမှန်ပါသည်၊ ထို့အတူသူတို့ကို သူနှင့်တသဏ္ဍာန်ထဲ ဖန်ဆင်းခဲ့ခြင်းဖြစ်သည်၊ ထို့အတူ သူတို့အားလုံးကို သူ၏သားသမီးများအဖြစ်ဖန်ဆင်းခဲ့ခြင်းဖြစ်သည်။ သို့သော် သူတို့သည် ဘုရားသခင်အားဆန့်ကျင်၍အပြစ်ကျူးလွန်ခဲ့ကြပြီး သူတို့တချိန်က နေထိုင်ခဲ့

ကြသော မြင့်မားသည့်အဆင့်အတန်းမှ ကျဆုံးသွားကြသည်။ သူတို့သည် သူတို့၏ဖခင်လဲဖြစ်၊ ဘုရားသခင်လဲ ဖြစ်သောသူကို အလုပ်အကျွေးပြုရန်ငြင်းဆန်ခဲ့ကြသည်။ ထိုအစား စာတန်မာရ်နတ်ကိုသာ သူတို့၏စံပြမော်ဒယ်နှင့် လမ်းပြသူအဖြစ်ရွေးချယ်လိုက်ကြသည်။ အကျိုးရလဒ်မှာ– သူတို့သည်ယခုအခါမှာ သူတို့အဖေနတ်ဆိုးကြီး၏ သဏ္ဍာန်ကိုသာဆောင်နေကြပြီး၊ သူ၏အလုပ်ကိုသာလုပ်နေကြတော့သည်(ယော ၈း၄၄)။ ထိုမှဆန့်ကျင်ဖက်ဖြစ်စွာ ဘုရားသခင်နှင့်သူ၏လူများအကြားမှာရှိနေသော သားနှင့်အဖေဆက်ဆံရေးသည် သခင်ယေရှုခရစ် တော်အတွင်းမှ မြစ်ဖျားခံလာခြင်းဖြစ်သည်။ သခင်ယေရှုသည်ဘုရားသခင်၏သားတော်ဖြစ်သည်၊ ထို့အတူ ဘုရားသခင်၏လူများသည် သူ့အားဖြင့်သာလျှင် သားဖြစ်ခြင်းအခွင့်ကိုပြန်လည်ရရှိကြခြင်းဖြစ်သည်။ သူတို့၏သားဖြစ်ခြင်းအခွင့်သည် သခင်ခရစ်တော်၏လက်ဝါးကပ်တိုင်တွင်မြစ်ဖျားခံလာခြင်းဖြစ်၏၊ လက်ဝါးကပ်တိုင်တော်အားဖြင့်သာလျှင် ဘုရားသခင်သည် သူတို့ကို သူ၏သားများ၊ သူ၏အမွေခံများ–အဖြစ်တရားဝင်မွေးစားလိုက်ခြင်းဖြစ်၏။ ထို့အတူ ဤသို့သားဖြစ်ခြင်းအခွင့်သည်(သခင်ယေရှုခရစ်၏ရှင်ပြန်ထမြောက်ခြင်းအသက်တာအားဖြင့် ဘုရားသခင်၏သားသမီးများ အသက်တာသစ်သို့ပြန်လည်မွေးဖွားခြင်းတည်းဟူသော) အသစ်ပြုပြင်ခြင်း၏တန်ခိုးတော်အားဖြင့် အမှန်တကယ်ပြည့်စုံခြင်းသို့ရောက်သွားတော့သည်။

ဤသားနှင့်အဖေဆက်ဆံရေးအတွင်းဝယ် ကျွန်တော်တို့၏ကောင်းကင်ဘုံရှင်အဖသည် ကျွန်တော်တို့ကိုချစ်မြတ်နိုးလျက်၊ ကျွန်တော်တို့အားဂရုစိုက်စောင့်ရှောက်ဖို့လိုအပ်သမျှအရာအားလုံးကိုတာဝန်ယူလိုက်ပါသည်။ ထို့အတူ ကျွန်တော်တို့သည် ကျွန်တော်တို့လိုအပ်သမျှအရာအားလုံးကို သူ့ထံမှရရှိကြကြောင်းကိုသိကြသော သူ၏သားသမီးများဖြစ်ကြ၏။ ကျွန်တော်တို့သည် ဘုရားသခင်ထံသို့ဆုတောင်းကြသောအခါတွင် ကျွန်တော်တို့ဘာကိုလိုအပ်နေကြသည်ဟုတောင်းခံဖို့ရန်၊ တင်ပြဖို့ရန်၊ ဆုတောင်းကြခြင်းမဟုတ်ပါ။ ကျွန်တော်တို့၏ကောင်းကင်ဘုံရှင် အဖဘုရားသခင်သည် ကျွန်တော်တို့သူ့ကိုမ တောင်းမီကထဲက ကျွန်တော်တို့ဘာတွေလိုအပ်နေကြောင်းသိတော်မူသည်(မဿဲ ၆း ၈)။ ထိုမျှမကသေးပါ၊ ဘုရားသခင်က ကျွန်တော်တို့ဘာတွေ လိုအပ်နေကြကြောင်း ကျွန်တော်တို့ထက်ပင်ပို၍ ကောင်းစွာသိနေသည်၊ အဘယ့်ကြောင့်ဆိုသော် ထိုလိုအပ်ချက်များကို အရင်ဦးဆုံး ဖန်ဆင်းလိုက်သူမှာ သူကိုယ်တိုင်ဖြစ်နေ၍ဖြစ်သည်။

ဤသို့ဖြစ်နေသောကြောင့်ပင်လျှင် ကျွန်တော်တို့သည် ကျွန်တော်တို့၏လိုအပ်ချက်များကို (ကျွန်တော်တို့၏ ကောင်းကင်ဘုံရှင်ဖခင်ကြီး၏)အလိုတော်အပေါ်တွင် အတင်းအကျပ်ထပ်ဆင့်တင်ဆောင်ပြီးမှ ကျေးဇူးတော်ပလ္လင်ရှေ့သို့ လာရောက်ခြင်းမျိုးမလုပ်ကြခြင်းဖြစ်သည်။ ဤလိုမျိုးဘယ်တော့မှလုပ်၍မရပါ။ ဘုရားသခင်၏အလိုတော်ကို ကျွန်တော်တို့မပြောင်းပစ် နိုင်ပါ။ သူ့အလိုတော်သည် ထာဝရအလိုတော်၊ မပြောင်းလဲနိုင်သောအလိုတော်–ဖြစ်သည်။ ကျွန်တော်တို့၏ဆုတောင်းသံများသည် ဘုရားသခင်၏အဖြစ်တော်ကိုမပြောင်းလဲစေနိုင်ပါ။ အကယ်၍သာဤအတွေးအခေါ်မျိုးသည်–"ဆုတောင်းခြင်းဖြင့်အရာအားလုံးကိုပြောင်းပစ်နိုင်သည်"–ဟူသောဆောင်ပုဒ်၏ဆိုလိုရင်းဖြစ်နေပါလျှင် ဘုရားသခင်၏သားသမီးများ၏နှုတ်ဖျားမှပင်မထွက်သင့်သောဆောင်ပုဒ်သာဖြစ်၏။ ကျွန်တော်တို့၏ဆုတောင်းချက်များထဲတွင်တောင်းဆိုလိုက်ကြပြီး၊ ကျွန်တော်တို့၏ ကောင်းကင်ဘုံရှင်ဖခင်ကြီးထံမှ ရရှိလိုက်ကြသောအရာအားလုံးသည်၊ ဆုတောင်းခြင်းလမ်းကြောင်းဖြင့် ကျွန်တော်တို့အားပေးဖို့ရန် ဘုရားသခင်ကဆုံးဖြတ်ထားသောကြောင့်သာရရှိလိုက်ကြခြင်းဖြစ်၏။ ဤသို့ဖြစ်နေသောကြောင့် ကျွန်တော်တို့သည် နှိမ့်ချစွာဖြင့်ကျေးဇူးတင်သင့်ကြပေ၏။ အကယ်၍ ကျွန်တော့်ဆုတောင်းချက်များက အနန္တတန်ခိုးရှင်ကြီး၏စိတ်နှလုံးတော်ကို ပြောင်းလဲပစ်နိုင်သည်ဟု ယူဆနိုင်စရာအကြောင်းနည်းနည်းကလေးမျှရှိနေပါလျှင် ကျွန်တော်သည် ဘယ်တော့မှနောက်တကြိမ် ဆုတောင်းရဲတော့မည်မဟုတ်ပါ။ ဤသို့သာဖြစ်ခဲ့လျှင် ထိတ်လန့်တုန်လှုပ်ဘွယ်အတိဖြစ်ပါ၏။ ကျွန်တော်တို့၏ဖခင်သည် ကျွန်တော်တို့အတွက်ဘာအကောင်းဆုံးလဲဆိုသည်ကို သိတော်မူ၏။ ကျွန်တော်တို့ဘယ်တော့မှမသိပါ၊ အဘယ့်ကြောင့်ဆိုသော် ကျွန်တော်တို့သည် ဝိညာဉ်သဘောအရ ကလေးပေါက်စကလေးများဖြစ်နေကြသောကြောင့်ဖြစ်သည်။

ဆုတောင်းခြင်း၏ရည်ရွယ်ချက်သည် အထက်ကအရာများနှင့် အတော်လေးခြားနားသောအရာဖြစ်နေသည်။ ဘုရားသခင်သည်ကျွန်တော်တို့၏ဖခင်ဖြစ်၍ ကျွန်တော်တို့သည် သူ၏သားသမီးများဖြစ်နေကြသောကြောင့် ကျွန်တော်တို့လိုအပ်သမျှအရာများကို သူ့ထံတွင်ဆုတောင်းခြင်းအားဖြင့်တောင်းလျှောက်ကြရန် ဘုရားသခင်အလိုတော်ရှိသည်။ သူက ကျွန်တော်တို့ လိုအပ်သမျှသောအရာအားလုံးကို သူ့ထံမှတောင်းခံကြစေလိုသည်၊ အဘယ့်ကြောင့်ဆိုသော် သားတယောက်ကသူလိုအပ်သမျှ အရာအားလုံးကို အဖေ့ထံမှတောင်းခံသည့်ထုံးစံရှိသည့်အတိုင်း ကျွန်တော်တို့လဲသူ့ထံမှတောင်းခံတတ်ကြဖို့ သင်ယူစေလိုသော ကြောင့်ဖြစ်သည်။ ဤနည်းလမ်းအားဖြင့် ကျွန်တော်တို့သည် သူတဦးတည်းအပေါ်တွင်သာအားကိုးတတ်ဖို့၊ ကျွန်တော်တို့၏ဘဝခရီးလမ်းကိုလဲ (ကျွန်တော်တို့၏ကောင်းကင်ဘုံရှင်ဖခင်ကြီး၏) ပို၍မြင့်သောအသိပညာနှင့် ပို၍မြင့်သောဉာဏ်ပညာအ မြော်အမြင်အပေါ်တွင် ကျေနပ်

ရောင့်ရဲစွာဆက်ကပ်အပ်နှံတတ်ဖို့–သင်ယူနိုင်ကြမည်ဖြစ်သည်။ ဆုတောင်းခြင်းသည် ဘုရားသခင်နှင့်သူ၏လူများအကြားတွင် ကျေးဇူးတော်အားဖြင့်ပေါ်ထွန်းလာသော သားနှင့်အဖဆက်ဆံရေးကို အနက်ရှိုင်းဆုံးနည်းဖြင့် ထုတ်ဖော်ပြသခြင်းပင်ဖြစ်သည်။

**ကျွန်တော်တို့ဘာအတွက်မပြစ်မနေဆုတောင်းကြရမည်နည်း**

ကျွန်တော်တို့ဘယ်အရာများကိုတောင်းဆိုကြရမည်နည်း?

(မဟုတ်သဘောအားဖြင့်)ပြောရမည်ဆိုလျှင်– ကျွန်တော်တို့သည် လောကီနှင့်ဆိုင်သော–(ရုပ်ဝတ္ထုဆိုင်ရာကြွယ်ဝခြင်းများ၊ ဥစ္စာပစ္စည်းများ၊ ကျွန်တော်တို့၏ဇာတိသဘောက မကြာခဏတောင်းတတတ်သော လောကီအာရုံကာမဂုဏ်များ)–တို့ကို ရရှိဖို့တောင်းရမည်မဟုတ်။ သခင်ယေရှုကိုယ်တော်တိုင်က –"အကယ်၍ သင်တို့သည် ဆိုးညစ်သောအမျိုးဖြစ်လျက်ပင် သင်တို့၏သားသမီးများအား ကောင်းသောလက်ဆောင်များ ပေးရကောင်းမှန်းသိနေကြလျှင်၊ သင်တို့၏ကောင်းကင်ဘုံရှင်အဖသည် သူ့အားတောင်းလျှောက်လာသူများထံ သန့်ရှင်းသောဝိညာဉ်တော်ကို မည်မျှလောက်အထိပို၍ပေးမည်နည်း?(လုကာ ၁၁:၁၃ )"–ဟု အလေးအနက်ထား၍ပြောပြခဲ့သည်။

ဤသို့ဆိုလိုက်၍ ကျွန်တော်တို့၏နေ့စဉ်အစားအစာအတွက် ဘုရားသခင်အားတောင်းလျှောက်ခြင်းသည် မှားယွင်း သည်ဟုမဆိုလိုပါ။ သခင်ဘုရားကိုယ်တော်တိုင် ဤသို့တောင်းလျှောက်ဖို့သွန်သင်ပေးခဲ့သည်။ သို့သော် ကျွန်တော်တို့သည် တနေ့စာလိုအပ်သောအရာကိုသာတောင်းလျှောက်ခြင်းဖြစ်ကြောင်းသေချာအောင်လုပ်ရမည်၊ ထို့အတူ ကျွန်တော်တို့သည် ဗိုက်ပြည့်သွားဖို့လိုသောအရာ(ပေါင်မုန့်)ကိုသာတောင်းပြီး၊ လျှာအရသာခံဖို့(ထောပတ်သုတ်ပေးဖို့)တောင်းခြင်းမဟုတ်ကြောင်းကို သေချာအောင်လုပ်ရမည်။

ရှေ့ဆက်ပြောရလျှင်၊ ကျွန်တော်တို့သည် ဘာကိုတောင်းသင့်သလဲဆိုသည်ကို အမြဲတမ်းမသိနိုင်ကြပါ။ကျွန်တော်တို့၏လောကအသက်ရှင်ခြင်း (ကောင်းကင်ဘုံသို့သွားသောခရီးစဉ်)–တွင် ကျွန်တော်တို့မသိအောင် ဘုရားသခင်ကဖုံးကွယ်ထားသောအရာများစွာရှိနေပါသည်။ ကျွန်တော်တို့ဖျားနာကြသည့်အခါတွင်၊ ကျွန်တော်တို့ပြန်လည်ကျန်းမာလာအောင်လုပ်ခြင်းသည် ဘုရားသခင်၏အလိုတော်လား (သို့မဟုတ်) သူသည်ကျွန်တော်တို့ ပြန်လည်ကျန်းမာလာဖို့အလိုတော်ရှိရဲ့လား–ဆိုသည်ကို ကျွန်တော်တို့မသိနိုင်ကြပါ။ ကျွန်တော်တို့၏ ကျန်းမာရေးဘယ်အချိန်တွင်ကောင်းလာမလဲဆိုသည်ကို ကျွန်တော်တို့မသိကြပါ။ ဘဝလမ်းခရီးကို ကျွန်တော်တို့လျှောက်ဆင်းသွားကြချိန်တွင် မည်သည့်အချိန်တွင်မည်သို့သောပြဿနာများ၊ ဒုက္ခဆင်းရဲများ ကြုံတွေ့လာလိမ့်မည်နည်း ဆိုသည်ကို ကျွန်တော်တို့မသိကြပါ။ သခင်ဘုရားကဖွင့်လှစ်မပြသော အသေးစိတ်အချက်အလက် အမြောက်အမြားရှိပါသေးသည်။ ဤသို့သောအကြောင်းအရာများစွာရှိနေသည့်အတွက်–"ကိုယ်တော့်အလိုတော်ပြည့်စုံပါစေသော"–ဟု ကျွန်တော်တို့မပြစ်မနေ ဆုတောင်းကြရမည်။ သို့မဟုတ်လျှင်လဲ၊ တမန်တော်ရှင်ယာကုပ်ရေးသားခဲ့သည့်အတိုင်း–"အကယ်၍သခင်ဘုရားအလိုတော်ရှိလျှင် ကျွန်တော်တို့အသက်ရှင်ကြလိမ့်မည်၊ ဟိုဟာဒီဟာလုပ်ကြမည်"(ယာကုပ် ၄:၁၅) –ဟုပြောနိုင်ဖို့ သင်ယူကြရမည်ဖြစ်သည်။ အကယ်၍ ကျွန်တော်တို့က–"ကိုယ်တော့်အလိုတော်ပြည့်စုံပါစေသော"–ဟု ဆုတောင်းတတ်ဖို့ သင်ယူပြီးကြပြီဆိုလျှင်၊ ကျွန်တော်တို့၏ကောင်းကင်ဘုံရှင်အဖသည် ကျွန်တော်တို့၏ဆုတောင်းသံကို သေချာပေါက်နားညောင်းတော်မူပြီးလျှင်၊ ဤတောင်းလျှောက်သံအတွက် သူ့အဖြေကိုပေးတော်မူမည်ဖြစ်၏။ တချိန်တည်းမှာပင်၊ ကျွန်တော်တို့၏စိုးရိမ်သောကအားလုံးကို ဘုရားသခင်အပေါ်သို့ပုံအပ်ဆက်ကပ်ရန် (၁ ပေတရု ၅:၇)၊ ကျွန်တော်တို့စိတ်နှလုံး အနက်ရှိုင်းဆုံးနေရာတွင်ဒုက္ခပေးနေသောအရာများကို သူ့ထံသို့ယူဆောင်လာရန်၊ ကျွန်တော်တို့၏ဝမ်းနည်းပူဆွေးခြင်းများကို သူ့ထံသို့သွန်းလောင်းပစ်လိုက်ရန်– ကျွန်တော်တို့၏တာဝန်တရပ်ပင်ဖြစ်နေ၏။ သို့သော် ဤသို့ပြုလုပ်ရာတွင် သူ၏အလိုတော်အားနှိမ့်ချစွာဝန်ခံခြင်း၊အပ်နှံခြင်း–ဖြစ်နေရမည်၊ ဘုရားသခင်သည် ကျွန်တော်တို့ထက်(တိုင်းတာ၍မရလောက်အောင်) ဉာဏ်ပညာပြည့်စုံလှသောကြောင့်ဖြစ်သည်။

(အဟုတ်သဘောအားဖြင့်)ပြောရမည်ဆိုလျှင်– ကျွန်တော်တို့သန့်ရှင်းသောဝိညာဉ်တော်ကိုလိုအပ်ကြသည်။ ဆိုလိုသည်မှာ ကျွန်တော်တို့ထံသို့ သန့်ရှင်းသောဝိညာဉ်တော်တပါးတည်းကသာ ယူဆောင်လာပေးနိုင်သည့် ဝိညာဉ်ရေးရာကောင်းချီးမင်္ဂလာနှင့် ဝိညာဉ်ရေးရာခွန်အားတို့ကို ကျွန်တော်တို့လိုအပ်ကြသည်။ ကယ်တင်ခြင်း၏ကောင်းချီးမင်္ဂလာအားလုံးသည် သခင်ယေရှု၏လက်ဝါးကပ်တိုင်တော်အားဖြင့် ကျွန်တော်တို့နှင့်ထိုက်တန်သောအရာများဖြစ်စေလိုက်ပြီဖြစ်၏။ ၎င်းတို့သည် ကျွန်တော်တို့၏ (ဤဘဝမှဘုန်းတန်ခိုးထွန်းတောက်ရာကောင်းကင်ဘုံသို့သွားသော) ခရီးစဉ်တွင်ကျွန်တော်တို့အတွက်လိုအပ်သည့် (ကျေးဇူးတော်နှင့်ကယ်တင်ခြင်း)စမ်းချောင်းတခုဖြစ်၏။ ဤကောင်းချီးမင်္ဂလာများသည် ကျွန်တော်တို့အတွင်းထဲမှသန့်ရှင်းသောဝိညာဉ်တော်၏အမှုတော်ဆောင်ခြင်းအားဖြင့် ကျွန်တော်တို့ ၏နှလုံးသားများအတွင်းသို့ရောက်ရှိသွားနိုင်ခြင်းဖြစ်၏။

အတိအကျပြောရလျှင် ကျွန်တော်တို့သည်(နေ့စဉ်အပြစ်အတွက်နောင်တရခြင်း၊ဝမ်းနည်းခြင်းတို့အားဖြင့်) ကောင်းကင်နိုင်ငံတော်သို့ဝင်ရောက်နိုင်ကြဖို့ရန်အတွက်ကျေးဇူးတော်ကိုလိုအပ်သည် ဟူ၍ဖြစ်သည်။ ကျွန်တော်တို့သည် အပြစ်တရား နှင့်စုံစမ်းနှောက်ယှက်ခြင်းများကို ယုံကြည်ခြင်းအားဖြင့်ကောင်းသောတိုက်လှန်ခြင်းပြုရင်းနှင့် နိုင်ငံတော်အတွင်းလျှောက်လှမ်းနိုင်ဖို့ရန် ကျေးဇူးတော်ကိုလိုအပ်သည်။ ကျွန်တော်တို့သည် ကျွန်တော်တို့၏ဖခင်ကြီးက ကျွန်တော်တို့အပေါ်သို့တင်လိုက်ရန် နှစ်သက်သဘောကျသော လေးလံသည့်ဝန်ထုပ်ကြီးများကို ထမ်းဆောင်နိုင်ရန်၊ ဒုက္ခဆင်းရဲခံစားခြင်း၊ ဝမ်းနည်းခြင်း၊ စိတ်ပျက်ခြင်း၊ ဒုက္ခရောက်ခြင်း၊ နှိပ်စက်ညှင်းပန်းခံရခြင်းတို့အလယ်တွင် ဖွဲ့ရှိစွာဖြင့်ရပ်တည်နိုင်ရန် ကျေးဇူးတော်ကိုလိုအပ်သည်။ အပြစ်နှင့်ဆိုးညစ်ခြင်းဖုံးလွှမ်းရာကမ္ဘာကြီးအတွင်းမှာ ဘုရားသခင်၏အမှုတော်ကိုထမ်းဆောင်၍၊ ဘုရားသခင်၏ပဋိညာဉ်တရား တော်ကိုကိုယ်စားပြုရပ်တည်နိုင်ဖို့ရန် သန့်ရှင်းသောဝိညာဉ်တော်၏ကျေးဇူးတော်ကိုလိုအပ်သည်။ ကျွန်တော်တို့သည် ဘုရားသခင်၏နိုင်ငံတော်နှင့် သူ၏ဖြောင့်မတ်ခြင်းတရားကိုရှာဖို့ရန်၊ (ဉာဏ်ပညာအားလုံး၏အစပြုရာဖြစ်သော) သူ၏နာမတော်အာ ကြောက်ရွံ့ရိုသေခြင်းအောက်၌ ကျွန်တော်တို့၏ကလေးများကိုပြုစုပျိုးထောင်ပေးရန်၊ ကျွန်တော်တို့ကိုယ်ကျွန်တော်တို့ ဘုရားသခင်၏ရှေ့တော်၌လက်ခံနိုင်သောသူများဖြစ်ကြဖို့အတွက် နှုတ်ကပတ်တော်ကိုသင်ယူလေ့လာနိုင်ရန်–ဝိညာဉ်တော်၏ကျေးဇူးတော်ကိုကျွန်တော်တို့လိုအပ်ကြသည်။ သန့်ရှင်းသူတယောက်စီတိုင်းသည် ယုံကြည်ခြင်းစစ်မြေပြင်ထဲမှသူ၏နေရာအတွက် သီးသန့်ပေးအပ်ထားသောတာဝန်ကို (ခမည်းတော်ဘုရားသခင်ကသူ့ကိုပေးအပ်ထားသော တသီးပုဂ္ဂလဘဝထဲမှ–အခြေအနေ အမျိုးမျိုး၊ နေရာအမျိုးမျိုး၊ အဆင့်အတန်းအမျိုးမျိုးတွင်) ထမ်းဆောင်နိုင်ဖို့ရန် ကျေးဇူးတော်ကိုလိုအပ်ပါသည်။ ကျေးဇူးတော်သည်မရှိမဖြစ်လိုအပ်သောအရာဖြစ်သည်။ ကျေးဇူးတော်သည် ကျွန်တော်တို့လိုအပ်ချက်အားလုံး၏အရင်းအမြစ်ဖြစ်သည်။ ကျွန်တော်တို့သည် အခြားအရာများအားလုံးထက် ကျေးဇူးတော်ကိုပို၍လိုအပ်ကြသည်။ ကျွန်တော်တို့ကို ကျေးဇူးတော်ပလ္လင်တော်၏ခြေရင်းသို့ ဆုတောင်းခြင်းအားဖြင့်တိုးဝင်ချဉ်းကပ်ကြဖို့ ခေါ်ဆောင်သောအရာမှာ ဤလိုအပ်ချက်ပင်ဖြစ်၏။

**တိုက်တွန်းအားပေးမှုလိုအပ်ခြင်း**

ကျွန်တော်တို့လိုအပ်သောအရာများကို ကျွန်တော်တို့၏ကောင်းကင်ဘုံရှင်ဖခင်ထံမှတောင်းဆိုနိုင်ဖို့ရန်အတွက် တိုက်တွန်းအားပေးမှုများစွာလိုအပ်သည်။ တခါတရံမှာကျွန်တော်တို့သည် ဆုတောင်းဖို့ရန်အလွန်ကြောက်ရွံ့နေတတ်ကြသည်။ ယခု ပုံဥပမာထဲတွင်လဲ ဤအတိုင်းပင်ဖြစ်နေသည်။ ခရီးသွားဧည့်သည်က သူ့သူငယ်ချင်း၏အိမ်သို့ ဝင်ရောက်လာသောအချိန်သည် ညသန်းကောင်ယံချိန်ဖြစ်၏။ ဤဇာတ်ကောင်၏အိမ်နီးချင်းအနေဖြင့် ညကြီးအချိန်မတော်အိပ်ရာထဲမှထရန်၊ ဖယောင်းတိုင်လိုက်ရှာရန်၊ မီးထွန်းရန်၊ တံခါးသွားဖွင့်ပေးရန်၊ ဟိုတိုက်ဒီတိုက်ဖြင့်ကလေးတွေကိုလန့်နိုးသွားစေရန်၊ အိမ်တံခါးလာခေါက်နေသူအတွက်ပေါင်မုန့်ယူပေးရန်–စသည်တို့ကြောင့် အလွန်တရာအဆင်မပြေဖြစ်သွားမှာသေချာသည်။ ဤဇာတ်ကောင်အတွက်လဲ အချိန်မတော်ကြီးတွင် သူ၏အိမ်နီးချင်းထံသို့သွား၍ ပေါင်မုန့်တောင်းနိုင်ဖို့ရန် (အိမ်နီးချင်းဖြစ်သူက မေတ္တာဖြင့်တုံ့ပြန်ပါလိမ့်မည် ဟူသော မျှော်လင့်ခြင်းတွင်အခြေခံလျက်) အတော်ကလေးအားတင်း၍သွားတောင်းရမည်သာဖြစ်၏။

ကျွန်တော်တို့၏ဆုတောင်းခြင်းသည်လဲ ထိုနည်းအတိုင်းပင်ဖြစ်၏။ ကျွန်တော်တို့သည် ဘုရားသခင်၏သားသမီးများဖြစ်ကြသည်၊ သို့သော်လည်းကျွန်တော်တို့အရမ်းဆိုးညစ်ကြသည်။ ကျွန်တော်တို့သည် ကောင်းကင်ဘုံရှင်ဖခင်၏သားသမီးများ ကဲ့သို့အသက်မရှင်ကြပါ။ မကြာခဏဆိုသလိုပင် ကျွန်တော်တို့သည် လောကီနှင့်ဆိုင်သောသူများအဖြစ်နှင့် လူတွေကြားမှာဖေါ်ထုတ်ပြသဖို့ ပို၍သဘောကျတတ်ကြသည်။ ကျွန်တော်တို့သည် တမန်တော်ရှင်ပေတရုကဲ့သို့ပင် သခင်ဘုရားအားငြင်းပယ်တတ်ကြသည်။ ကျွန်တော်တို့သည် မကြာခဏပင် ဘုရားသခင်၏ရန်သူများကိုချစ်ကြောင်းပြသလျက် ထိုသူများ၏ထောက်ခံမှု ရယူဖို့ကြိုးစားတတ်ကြသည်။ ကျွန်တော်တို့သည် ကျွန်တော်တို့ဖခင်ကြီးထံမှကောင်းချီးမင်္ဂလာခံစားခွင့်အားလုံးကို နေ့စဉ်နေ့တိုင်းဆုံးရှုံးစေလျက်ရှိကြသည်။ ကျွန်တော်တို့သည်ညနေပိုင်းတွင် (အပြစ်ကျူးလွန်သောတနေ့တာကုန်ဆုံးသောအခါ) အိမ်သို့ပြန်လာကြသည်၊ ထိုသို့ရှိနေသောကြောင့် ကျွန်တော်တို့အတွက်လိုအပ်သောကျေးဇူးတော်ကို(ကျွန်တော်တို့တနေ့တာလုံးငြင်းပယ်ခဲ့ကြသူ)ထံမှ မဖြစ်မနေရှာဖွေကြရမည်ဖြစ်သည်။ ကျွန်တော်တို့ဘုရားသခင်၏ကျေးဇူးတော်ကိုရယူနိုင်ခွင့် အကြိမ်ပေါင်း ထောင်နှင့်ချီ၍ လက်လွှတ်ဆုံးရှုံးနေကြရသည်။ ထိုသို့ဖြစ်နေသောကြောင့် ကျွန်တော်တို့၏ဖခင်ထံသို့ဝင်၍ ကျွန်တော်တို့အား ကောင်းချီးပေးပါဟု တောင်းခံဖို့ရန် ကြီးစွာသောရဲစွမ်းသတ္တိလိုအပ်ပါသည်။ ဤရဲစွမ်းသတ္တိသည် (ကျွန်တော်တို့၏ဖခင်သည် ကျွန်တော်တို့အပြစ်ထဲနစ်မွန်းနေစဉ်မှာပင် ကျွန်တော်တို့အားချစ်နေပါသည်၊ အဘယ့်ကြောင့်ဆိုသော် သူသည်ကျွန်တော်တို့၏အပြစ်အားလုံးကို သူ၏တပါးတည်းသောသားတော်၏ လက်ဝါးကပ်တိုင်ပေါ်တွင်သွန်းလောင်းသော အသွေးတော်အတွင်းတွင် ခွင့်လွှတ်လိုက်သောကြောင့်ဖြစ်သည်)– ဟူသောအချက်ပေါ်တွင်မဖြစ်မနေအခြေတည်ထားရမည်။

ကျွန်တော်တို့ဆုတောင်းနိုင်ရန် တိုက်တွန်းအားပေးမှုများစွာလိုအပ်နေပြန်သည်၊ အဘယ့်ကြောင့်ဆိုသော် ကျွန်တော်တို့၏ဖခင်သည်ကျွန်တော်တို့ကိုကူညီဖို့ရန်အမြဲတမ်းအသင့်ရှိမနေသယောင် အကြိမ်ပေါင်းများစွာ တွေ့ကြုံရတတ်သောကြောင့်ဖြစ်သည်။ ဤပုံဥပမာထဲတွင်လဲ ဤအချက်ကိုအထူးတလည်ပြောပြထားသည်။ အိမ်နီးချင်းလုပ်သူသည် ပထမပိုင်းတွင်ကူညီ ချင်စိတ်မရှိခဲ့ပါချေ။ သူ့အိမ်တံခါးကိုလာခေါက်နေသောသူကို ပြဿနာလာမရှာနှင့်ဟု ပြန်ပြောခဲ့သည်။ အိမ်တံခါးသော့ခတ် ထားပြီးဖြစ်၍မတံ့ပြန်နိုင်ခဲ့၊ သားသမီးများအိပ်မောကျနေ၍မနိုးစေချင်ခဲ့၊ ဒီအချိန်ကြီးမှာမလုပ်ပါနဲ့–ဟုပြန်ပြောလိုက်သည်။ အိမ်တံခါးရှေ့မှလူအဖို့ အိမ်ပြန်ရန်သာရှိတော့သည်။ အကူအညီပေးဖို့လုံးဝမဖြစ်နိုင်။ ဇာတ်ကောင်၏တောင်းဆိုချက်ကို အိမ်နီးချင်းဖြစ်သူကလုံးလုံးလျားလျား ငြင်းဆိုခြင်းဖြင့် တုံ့ပြန်ခဲ့သည်။

ထို့နောက်တွင် ဇာတ်ကောင်ဖြစ်သူက ဆက်၍တံခါးခေါက်နေခဲ့သည်။ သူပေါင်မုန့်အသည်းအသန်လိုအပ်နေသည်၊ ထို့အတူ သူ့အိမ်နီးချင်းဖြစ်သူကလဲ အနှောက်အယှက်လုပ်ခြင်းလက်မခံသူဖြစ်နေသောကြောင့် သူ့အိမ်နီးချင်းအပေါ်အောင်နိုင်လိုက်ပြီးသူ့ကိုကူညီလာသည့်တိုင်အောင် အိမ်တံခါးကိုဆက်၍ထုနှက်နေခဲ့သည်။

ဤအဖြစ်မျိုးသည် ကျွန်တော်တို့၏ဆုတောင်းချိန်များတွင်လည်း မကြာခဏမှန်ကန်နေတတ်သည်။ ကောင်းကင်ဘုံ၏ တံခါးများသည် ကျွန်တော်တို့၏ဆုတောင်းသံများအတွက်ပိတ်ထားသယောင်၊ ကျွန်တော်တို့၏ဖခင်သည်လည်းကျွန်တော်တို့ကို ကူညီချင်စိတ်မရှိသယောင်၊ ဖြစ်နေတတ်သည်။ ကျွန်တော်တို့သည် အပြစ်များကိုတိုက်လှန်နိုင်ဖို့အတွက်ကျေးဇူးတော်ရဖို့ဆုတောင်းနေကြသည်၊ သို့သော်လည်းထိုကျေးဇူးတော်ကရောက်မလာ။ ကျွန်တော်တို့သည် အပြစ်ခွင့်လွှတ်ခြင်း၏ငြိမ်သက်ခြင်းခံ စားရဖို့ဆုတောင်းကြသည်၊ သို့သော်လည်းကောင်းကင်ဘုံကတိတ်ဆိတ်နေသည်။ ဒုက္ခဆင်းရဲများကကျွန်တော်တို့ဝိညာဉ်များ ကိုနှောက်ယှက်နေကြသောကြောင့် စိတ်ဖိစီးမှုများမှ လွတ်မြောက်ရာလမ်းကျွန်တော်တို့ရှာဖွေကြသည်၊ သို့သော်လည်း ကျွန်တော်တို့၏ဖခင်က ကျွန်တော်တို့ စိုးရိမ်ပူပန်စွာအော်ဟစ်တောင်းလျှောက်သံများကိုနားညောင်းပုံမပေါ်။ ဘဝပြဿနာများအကြားမှာ ကျွန်တော်တို့မလုပ်မဖြစ်သည့်ခက်ခဲသောဆုံးဖြတ်ချက်ချမှတ်နိုင်ဖို့မှန်ကန်သောနည်းလမ်းဖေါ်ပြပါရန်ဆုတောင်းကြသည်၊ သို့သော်လည်း အထက်အရပ်မှအလင်းရောင်ပေါ်ထွန်းမလာ၊ ကျွန်တော်တို့အား အမှောင်ထုကြီးထဲမှာစမ်းတဝါးဝါးနှင့် ကိုယ့်လမ်းကိုယ်ရှာကြဖို့ ပြောနေသယောင်ဖြစ်နေတတ်သည်။ ကျွန်တော်တို့၏ကောင်းကင်ဘုံရှင်ဖခင်က–"ငါ့ကိုမနှောက်ယှက်ပါနှင့်၊ သင်တို့ကိုငါမကူညီနိုင်"–ဟု ပြောနေသယောင် ဖြစ်နေတတ်သည်။ အစ္စရေးအမျိုးဆာလံဆရာသည်လည်းဤအတွေ့အကြုံမျိုးကိုသိနားလည်ထားသည်။ (ဆာလံ–၇၇)ထဲတွင် ဤခံစားချက်ကိုစပ်ဆိုထားခဲ့သည်။

အဘယ့်ကြောင့်ဤသို့ဖြစ်ရသနည်းဟု ကျွန်တော်တို့မေးခွန်းထုတ်ချင်ပေမည်။ ထို့အတူအဖြေသည်လည်းရှာတွေ့ရန် မခက်ခဲပါ။ အလွန်ဖြစ်နိုင်ခြေရှိနေသည်မှာ အဖြေသည် (မူလပထမကထဲကပင်) ကျွန်တော်တို့အထဲမှာရှိနေသည် ဟူ၍ဖြစ်၏။ ကျွန်တော်တို့သည် မယုံကြည်ဘဲဆုတောင်းနေခြင်းဖြစ်နိုင်၏၊ ကျွန်တော်တို့တောင်းလျှောက်သောအရာကို ရမည်မရမည် သံသယရှိလျက်နှင့်ဆုတောင်းနေခြင်းလဲဖြစ်နိုင်၏။ ထို့အတူ သံသယစိတ်ရှိသောသူသည် လေတိုက်ခြင်းခံရသောပင်လယ်ပြင်နှင့် တူ၍ ပစ်ထုတ်လိုက်ခြင်းခံရတတ်၏(ယာကုပ် ၁း၆–၈)။ သို့မဟုတ်လျှင်လည်း ကျွန်တော်တို့သည် ကျွန်တော်တို့၏တောင်းဆိုမှုအပေါ်တွင် လုံလောက်သောရိုးသားမှုမရှိဘဲနှင့် (ကျွန်တော်တို့တောင်းပန်နေကြသောအပြစ်တရားကိုပို၍ကြိုက်နှစ်သက်နေသလား၊ သို့မဟုတ်ထိုအပြစ်ကိုတိုက်ခိုက်ဖို့ ခွန်အားတကယ်လိုချင်နေသလား) ဟူ၍လျှို့ဝှက်စွာဝေခွဲမရဖြစ်နေ၍လည်းဖြစ်နိုင် သည်။ သို့သော် ကျွန်တော်တို့ဖခင်ကတော့ ကျွန်တော်တို့၏နှလုံးသားကိုသိနေပြီး၊ ကျွန်တော်တို့ဘာကိုတကယ်လိုချင် နေသနည်း ဆိုသည်ကိုလဲ သိနေပါသည်။

ထိုသို့ရှိတတ်သည်မှန်သော်လည်း၊ အကယ်၍ကျွန်တော်တို့က ရိုးသားစွာ၊ ဖြောင့်မတ်စွာ–ဖြင့် ကျွန်တော်တို့ ၏ကောင်ကင်ဘုံရှင်ဖခင်ထံတောင်းလျှောက်ပါလျက်နှင့် ကျွန်တော်တို့၏ဖခင်ကနားမညောင်းခဲ့လျှင် အဘယ့်ကြောင့် နည်း?

ဤအမှုအတွက်လည်း ပုံဥပမာထဲတွင်ဖေါ်ပြထားပါသည်။ ပုံဥပမာထဲမှဇာတ်ကောင်သည် သူလိုချင်သောအရာကို ချက်ချင်းကြီးရမသွားပါ။ မှန်ပါသည် ကျွန်တော်တို့ဆုတောင်းကြသောအခါတွင် သခင်ဘုရားကအဘယ့်ကြောင့် ချက်ချင်းပြန်၍ အဖြေမပေးရသနည်း ဆိုသည့်မေးခွန်းအတွက် ကျွန်တော်တို့အပြည့်အဝဖြေရှင်းချက်မပေးနိုင်ပါ။ သို့သော် သမ္မာကျမ်းစာ၏ ယေဘုယျအခြေခံဥပဒေသအချို့က သူတို့နည်းသူတို့ဟန်ဖြင့် အဖြေပေးထားကြပါ ၏။

ဖြစ်နိုင်ချေရှိသည်မှာ တခါတရံတွင်ကျွန်တော်တို့သည် ဘုရားသခင်၏လိုအင်ဆန္ဒနှင့်ဆန့်ကျင်ဖက်အရာများကို တောင်းဆိုနေကြခြင်းဖြစ်နိုင်သည်။ ကျွန်တော်တို့က–ကျွန်တော်တို့၏တောင်းဆိုချက်သည်မှန်ကန်ခြင်း၊ ကောင်းမြတ်ခြင်းရှိသည် ဘုရားသခင်က အခြားသောသန့်ရှင်းသူများ၏ အလားတူတောင်းဆိုချက်များကို ပြည့်စုံစေ

ခဲ့သောသာကေများရှိနေသည်၊ ထို့ကြောင့် ဘုရားသခင်က ကျွန်တော်တို့၏တောင်းဆိုချက်များကို ငြင်းဆန်ဖို့အတော် ခက်ပါလိမ့်မည်–စသဖြင့် ဘုရားသခင်အား သွေးဆောင်၍ဆုတောင်းနေနိုင်သည်။ သို့သော်လည်း မှားယွင်းမှုသည် ကျွန်တော်တို့ဖက်ခြမ်းမှာရှိနေသေး၏။ ဆုတောင်းခြင်းသည် အမြဲတမ်းပင် (ကျွန်တော်တို့၏ ကောင်းကင်ဘုံရှင်ဖခင် ၏ လမ်းစဉ်နှင့်အလိုတော်များထံသို့ လုံးဝဥဿုံဆက်ကပ်အပ်နှံလိုက်ခြင်း) ဖြစ်နေရမည်။ ကျွန်တော်တို့၏ဟုတ်မှန် သယောင်ရှိသောဓောဒကတက်မှုများသည် (သူ၏ထာဝရကောင်းမြတ်ခြင်း သက်သက်ဖြစ်သော စိတ်သဘောတွေ့ သည့်အတိုင်းလုပ်ဆောင်တော်မူသော)အရှင်အား သွေးဆောင်နိုင်မည်မဟုတ်ပါ၊ ထိုဆုတောင်းချက်များကို ချက်ချင်း ပယ်ချလိုက်မည်သာဖြစ်၏၊ အဘယ့်ကြောင့်ဆိုသော် ကျွန်တော်တို့ဘာအတွက်ဤအရာများကို တောင်းဆိုနေကြ ကြောင်း ကျွန်တော်တို့မသိကြသောကြောင့်ဖြစ်သည်။

သို့မဟုတ်လျှင်လည်း ဘုရားသခင်ကိုယ်တော်တိုင်က ကျွန်တော်တို့တောင်းသောအရာတစုံတခုကို ဆိုင်းငံ့ ထားခြင်းဖြစ်နိုင်သည်၊ ကျွန်တော်တို့၏ဆုတောင်းခြင်းတစုံတရာမှားယွင်းသောကြောင့်မဟုတ်ဘဲ၊ ပေးစရာရှိသောအ ရာကိုဆိုင်းငံ့ထားခြင်းအားဖြင့် ကျွန်တော်တို့ထိုအရာကိုလက်ခံရရှိချိန်၌ပို၍တန်ဖိုးထားတတ်စေဖို့ဖြစ်သည်။ ချက်ချင်း ကြီးလိုတရခြင်းမျိုးက ဘုရားသခင်၏ဆုလက်ဆောင်များအပေါ်နက်နက်ရှိုင်းရှိုင်းတန်ဖိုးထားမှု အမြဲတမ်းမဖြစ်ပေါ် စေနိုင်ပါ။ လပေါင်းများစွာတော်ပြတ်လု နီးနီးဖြစ်နေခြင်းက လူတယောက်၏နေ့စဉ်စားစရာရရှိနေမှုကို ပို၍တန်ဖိုး ထားတတ်လာစေမည်ဖြစ်သည်။

ဘုရားသခင်သည် ကျွန်တော်တို့၏တောင်းဆိုချက်များကို တခါတရံချက်ချင်းမပေးအပ်ဘဲနေရခြင်းအတွက် သူ့ကိုယ် ပိုင်အကြောင်းပြချက်ကောင်းများရှိနေပါသည်။

သို့သော် ပုံဥပမာထဲမှ အိမ်နီးချင်းဖြစ်သူ၏ငြင်းဆန်မှုသည် ညနက်သန်းကောင်ပေါင်မုန့်လာတောင်းသည့် မိတ်ဆွေ၏ အဆက်မပြတ်တံခါးခေါက်နေခြင်းအမှုကိုမတားဆီးနိုင်ခဲ့ပါ။ အဆုံးတွင်တော့– ဇာတ်ကောင်၏အရှက် ကင်းမဲ့စွာ(အချိန်မတော်ကြီးလာရောက်တောင်းဆိုယုံမျှသာမကဘဲ၊ ငြင်းပယ်ခြင်းခံရပြီးနောက်တွင်လဲ တံခါးကိုဆက် ၍ထုနှက်နေခြင်း)ကြောင့် အိမ်နီးချင်းဖြစ်သူက သူ့ကိုပေါင်မုန့်သုံးလုံးပေးအပ်လိုက်ရတော့သည်။ တံခါးခေါက်နေ သောသူက–"ကျွန်တော်လိုအပ်သောအရာကို ရရှိဖို့ အချိန်ဘယ်လောက်ကြာပါစေဆက်၍ခေါက်နေမည်။ အကယ်၍ သင့်ကိုတညလုံးမအိပ်နိုင်အောင်ဖြစ်စေ၍ သင့်သားသမီးများကိုအိပ်ယာမှနိုးလာစေလျှင်လည်း ကျွန်တော်ဆက်၍ ခေါက်နေမည်သာဖြစ်သည်"–ဟု ပြောနေသကဲ့သို့ပင်ဖြစ်၏။ ထို့အတူ သခင်ဘုရားကကျွန်တော်တို့ကို–"သင်၏အသ နားခံတောင်းလျှောက်ခြင်းအားဖြင့် ကျေးဇူးတော်ပလ္လင်ခြေရင်းသို့ချဉ်း ကပ်လာသောအခါတွင် သင်၏ဆုတောင်းသံ ကို ချက်ချင်းနားညောင်းသည့်ပုံမပေါ်လျှင်လည်း ဆုတောင်းခြင်းကိုလုံးဝမရပ်ပါနှင့်"–ဟုသွန်သင်ပေးနေခြင်းဖြစ်၏။ ကျွန်တော်တို့၏ဖခင်က ကျွန်တော်တို့ဆုတောင်းသံကိုနားညောင်းသည့်ပုံမပေါ်သောကြောင့် ကျွန်တော်တို့၏ လက် များကိုစိတ်ပျက်အားလျော့စွာလျှော့ချပစ်လိုက်ခွင့် ကျွန်တော်တို့မှာမရှိပါ။ ကျွန်တော်တို့၏ဆုတောင်းခြင်းတွင် ဖွဲ့ရှိစွာ ဆက်တောင်းနေရမည်။ ကျွန်တော်တို့မဖြစ်မနေ–'တောင်းရမည်၊ရှာရမည်၊ခေါက်ရမည်'–ဖြစ်သည်။

သခင်ဘုရားက ကျွန်တော်တို့ကို "တောင်းကြလော့"ဟုပြောထားသည်။ ဆိုလိုသည်မှာ ကျွန်တော်တို့၏အ သနားခံ တောင်းလျှောက်ခြင်းအားလုံးကို ကျေးဇူးတော်ပလ္လင်ရှေ့သို့လာ၍တောင်းလျှောက်ကြရမည်၊ ထို့အတူလာ ရောက်ကြသောအခါတွင်လည်း ကျွန်တော်တို့၏ဆုတောင်းသံကိုနားထောင်လိမ့်မည်မှုချမလွဲ ဟူသောယုံကြည်ခြင်း ဖြင့်လာရောက်ကြရမည်–ဟူ၍ ဖြစ်သည်။

သို့သော် အကယ်၍သခင်ဘုရားက ကျွန်တော်တို့အသံကိုချက်ချင်းနားညောင်းဟန်မရှိလျှင် ကျွန်တော်တို့ ထပ်၍ "ရှာကြရမည်"။ ရှာခြင်းသည် တောင်းခြင်းထက်ပို၍အားကြီးသောစကားလုံးဖြစ်သည်၊ ပို၍လည်းနက်နဲသည်။ ရှာခြင်းအားဖြင့် ကျွန်တော်တို့၏အသံကိုနားညောင်းခြင်းရှိနိုင်ဖို့ကြိုးစားအားထုတ်လာကြသည်။ (ပထမဦးဆုံး) ကျွန်တော်တို့အသံကို နားမညောင်းရခြင်း၏အကြောင်းရင်းကို မိမိကိုယ်တိုင်၏အတွင်းထဲတွင် ပြန်၍ စစ်ဆေးကြ သည်။ ဤအဆင့်တွင်ပင် ကျွန်တော်တို့ရှာသောအဖြေကို တွေ့ကောင်းတွေ့သွားနိုင်သည်။ ထို့အတူ အကယ်၍ဤနေ ရာတွင် အဖြေမတွေ့ရသေးလျှင်လဲ ကျွန်တော်တို့လိုချင် နေသောအရာရနိုင်ဖို့ ကျွန်တော်တို့၏ဆုတောင်းခြင်းများ၊ ဆက်ကပ်အပ်နှံခြင်းများဖြင့် ကျေးဇူးတော်ပလ္လင်ရှေ့သို့ ဆက် လက်တောင်းလျှောက်နေရမည်ဖြစ်သည်။

ထိုအခြေအနေထိတိုင်အောင် ကျွန်တော်တို့အားနားမညောင်းသေးခြင်းမျိုးလဲဖြစ်တတ်သည်။ တမန်တော် ရှင်ပေါလု သည် သူ့ကိုယ်ပေါ်မှဆူးကိုဖယ်ရှားပေးဖို့ ဆုတောင်းခဲ့သည်။ သခင်ဘုရားကသူ့ကိုအဖြေမပေးမီတွင် အနည်းဆုံးသုံးကြိမ်ဆုတောင်းခဲ့ပြီးဖြစ်သည်။ ထို့နောက်တွင် သခင်ဘုရားကအဖြေပေးသည်မှာ၊ သူ့ကိုယ်ထဲမှဆူးကို

မထုတ်ပေးဘဲ၊–“ငါ့ကျေးဇူးတော်သည်သင့်အဖို့လုံလောက်ပေ၏၊ အဘယ့်ကြောင့်ဆိုသော် ငါ့စွမ်းအားသည်အားနည်းသောအခါတွင်အပြည့်စုံဆုံးဖြစ်သောကြောင့်ဖြစ်သည်”(၂ ကော ၁၂း၇–၉)–ဟူ၍ဖြစ်သည်။

ထို့ကြောင့် ကျွန်တော်တို့“ခေါက်ကြရမည်”။ အကယ်၍ကောင်းကင်နိုင်ငံတော်၏တံခါးသည်ပိတ်နေပြီး သခင်ဘုရားကသူ၏ခိုလှုံရာနေရာထဲသို့ကျွန်တော်တို့အားဝင်ခွင့်မပေး၊ ဆုတောင်းခြင်းကိုအဖြေမပေး၊ ဖြစ်နေခဲ့လျှင် ကျွန်တော်တို့ဆက်၍ ခေါက်မြဲခေါက်နေကြရမည်။ ဘုရားသခင်စိုးစံတော်မူသောနေရာကိုခေါက်ခြင်းအမှု၌ကျွန်တော်တို့ဇွဲနပဲဖြင့်ဆက်ခေါက်နေကြရမည်။ ကျွန်တော်တို့သည် ဓမ္မဟောင်းကာလမှ‘ယာကုပ်’သည်သူ့အားကောင်းချီးမပေးမချင်း ကောင်းကင်တမန်အားမလွှတ်ပေးဘဲနေသကဲ့သို့ နေကြရမည်။ ‘ယာကုပ်’၏ဇွဲနပဲကြီးစွာပြုခဲ့သောအမှုကြောင့် သခင်ဘုရားက သူ့ကို‘အစ္စရေး’ဟု အမည်ပြောင်းပေးခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် သူသည်ဘုရားသခင်နှင့်နပမ်းလုံးခဲ့ပြီး၊ အောင်မြင်မှုရခဲ့သောကြောင့်ဖြစ် သည်(ကမ္ဘာ၃၂း၂၆–၂၈)။

သူမသမီး၏ရောဂါကုသပေးဖို့ သခင်ယေရှုထံ၌ တောင်းပန်ခဲ့သော အမျိုးသမီးအတွက်လဲမှန်ကန်ပါ၏။ အကယ်၍သာ သခင်ဘုရားက သူမအားပြစ်တင်ကြိမ်းမောင်းသည့်အနေနှင့်–“သားတို့၏ပေါင်မုန့်ကိုခွေးစာအဖြစ်ချကျွေးလေ့မရှိ”–ဟုပြောလိုက်သောအချိန်တွင် သူမ၏အသနားခံခြင်းကိုရပ်တန့်လိုက်ပါလျှင် သူမအတွက်စိတ်ပျက်အားငယ်ခြင်း၊စိတ်မကျေနပ်ခြင်းများ ခံစားရဖို့မည်မျှလွယ်ကူပါသနည်း။ သူမသည် လုံးလုံးလျားလျားငြင်းပယ်ခံလိုက်ရခြင်းဖြစ်သည်။ သို့သော် အမျိုးသမီးသည်ဇွဲရှိ စွာနှင့်ယုံကြည်ခဲ့သည်။“မှန်ပါသည်သခင်၊ သို့သော်လည်း ခွေးတို့သည် သူတို့သခင်၏စားပွဲမှဖိတ်စင်ကျလာသော မုန့်အကျိုးအပဲ့များကို စားခွင့်ရှိသည်မဟုတ်ပါလော”ဟု ထပ်မံတောင်းလျှောက်ခဲ့သည်။ ထို့နောက်တွင် အမျိုးသမီး၏ဆုတောင်းခြင်းအဖြေ ရရှိခဲ့သည်(မဿဲ၁၅း၂၁–၂၈၊ မာ ၇း၂၄–၃၀)။

ကျွန်တော်တို့သည် ဆုတောင်းခြင်းတွင်ဇွဲရှိကြရမည်။ ကျွန်တော်တို့တောင်းရမည်။ ကျွန်တော်တို့ရှာရမည်။ ကျွန်တော်တို့ခေါက်ရမည်။

## နားထောင်ခြင်းခံရဖို့သေချာခြင်းအကြောင်း

သခင်ဘုရားက ဤနည်းလမ်းအတိုင်းလုပ်ဆောင်လျှင် ကျွန်တော်တို့နားထောင်ခြင်းခံရဖို့ သေချာကြောင်းအာမခံခဲ့၏။ အကယ်၍ဇွဲနပဲနှင့်ဆုတောင်းပြီးနောက်တွင် ကျွန်တော်တို့နားထောင်ခြင်းခံရဖို့–ဘာမှအာမခံချက်မရှိခဲ့ပါလျှင် ဆက်၍ဆုတောင်းနေနိုင်ဖို့ မက်လုံးဘာမျှရှိတော့မည်မဟုတ်ပါ။ သို့သော်ဤသို့မဟုတ်ပါ။ သခင်ဘုရားက ကျွန်တော်တို့ကိုအဖြေပေး လိမ့်မည်ဖြစ်ကြောင်း အသေအချာကတိပေးထားပါ၏။

ဤသေချာခြင်းကို သခင်ယေရှုက“မည်မျှသာလွန်၍”(လုကာ ၁၁း၁၃) ဟူသောစကားလုံးအားဖြင့်အထူးပြုပြောပြထား၏။ ညချမ်းချိန်ခါမှာအနားယူသွားပြီဖြစ်သောအိမ်ရှင်သည် သူ့အိမ်နီးချင်း၏တံခါးခေါက်သံကို အဖြေမပေးချင်တော့ပါ။ အကယ်၍ ထိုသူသာပထမဆုံးအငြင်းပယ်ခံရသည်နှင့်ထွက်ခွာသွားခဲ့လျှင် အိမ်ရှင်သည် အိမ်တံခါးဝသို့ထလာတော့မည်မဟုတ်ပါ။ နောက်ဆုံးတွင် အိမ်ရှင်ကအဖြေသာပေးလိုက်ရသည်၊ ချစ်ခြင်းမေတ္တာရှိ၍တော့မဟုတ်။ သူ့အိမ်နီးချင်းဖြစ်သူကတောင်း သည့်အတိုင်းပေါင်မုန့်ပေးလိုက်ခြင်းသည်သာ ပြဿနာရှင်းဖို့ တခုတည်းသောနည်းလမ်းဖြစ်သည်ကို သိလိုက်သောကြောင့်ဖြစ်သည်။ ထိုသူသည် သူ့ညချမ်းချိန်ခါကလေးကို ဆက်၍နှောက် ယှက်နေလိမ့်မည်၊ သူ့သားသမီးများပင်လျှင်လန့်နိုးလာနိုင်သည်၊ ထိုသူ့ကိုအဖြေမပေးမချင်းဆက်၍ခေါက်နေဦးမည်–ဟုသဘောပေါက်သွားသောကြောင့်ဖြစ်သည်။ သို့သော်၊ ဘုရားသခင်သည် ကျွန်တော်တို့၏အရှက်ကင်းမဲ့စွာ တောင်း ခံနေမှုကြောင့် နောက်ဆုံးတွင်လိုက်လျောခဲ့ရခြင်းမဟုတ်ပါ။ သူသည် ကျွန်တော်တို့ အား(သူ၏ဘုန်းထင်ရှားခြင်း ရှိဖို့ရည်ရွယ်ချက်တွင်မြစ်ဖျားခံလာသော) ထာဝရချစ်ခြင်းမေတ္တာအားဖြင့်ချစ်မြတ်နိုးနေခြင်းဖြစ်၏။ သူသည် ကျွန်တော်တို့အား သခင်ယေရှုခရစ်တော်အားဖြင့်ကောင်းချီးပေးမည်ဖြစ်ကြောင်း ကတိပေးထား၏။ ထိုကတိတော်ကိုလက်ဝါးကပ်တိုင်၌သက်သေပြထားပြီးဖြစ်၏။ ထိုသို့ဖြစ်သောကြောင့် သူ၏သန့်ရှင်းသောဝိညာဉ်တော်ကို ကျွန်တော်တို့အားမည်မျှသာလွန်၍ပေးအပ်လိမ့်မည်နည်း?

ညကြီးသန်းကောင်ပေါင်မုန့်လာတောင်းခြင်းသည် သူ့အိမ်နီးချင်း၏စိတ်စေတနာကောင်းမှုကို အလွန်အကျွံအခွင့်ကောင်းယူလိုက်ခြင်းပင်ဖြစ်၏။ သို့သော် ကျွန်တော်တို့၏ဘုရားသခင်အပေါ်မှာ အလွန်အကျွံအခွင့်ကောင်း ယူခြင်းဆိုတာမရှိနိုင်ပါ၊ အဘယ့်ကြောင့်ဆိုသော် အစ္စရေးအမျိုးကိုစောင့်သောသူသည် ဘယ်တော့မှငိုက်မြည်းအိပ် ပျော်ခြင်းမရှိသောကြောင့် ဖြစ်သည်(ဆာလံ ၁၂၁း၄)။ ဘုရားသခင်၏လူများက အမြင့်ဆုံးသော တန်ခိုးရှင်ထံအခွင့် ကောင်းယူနိုင်ပါ့မည်လား? သူသည် သူတို့၏

ဆုတောင်းခြင်းကိုနှစ်သက်တော်မူသည်။ ဆုတောင်းခြင်းသည် သူ၏ရှေ့တော်မှောက်တွင်အဆက်မပြတ်ယဇ်ပူဇော်နေ ခြင်းပင်ဖြစ်သည်။ ထိုသို့ဖြစ်သောကြောင့် ကျွန်တော်တို့ဆုတောင်းကြသောအခါတွင် သူသည်မည်မျှလောက်နားမထောင်ဘဲ နေနိုင်ဦးမည်နည်း!

ဤပုံဥပမာ၏နောက်ဆက်တွဲအဖြစ် သခင်ယေရှုကပြောပြခဲ့သောဥပမာစကားသည် ဤအချက်ကို ပို၍ခွန်အားရှိသွားစေသည်။ လောကီဖခင်များသည်ပင် သူတို့သားသမီးများကတောင်းခံလာလျှင် ပေါင်မုန့်ဖြစ်စေ၊ငါးဖြစ်စေ၊ ဥဖြစ်စေ ပေးတတ်ကြသည်။ သို့သော် လောကီဖခင်သည် ဆိုးညစ်သောသူဖြစ်သည်။ သူသည် သာမန်မေတ္တာစိတ်ဖြင့်သာဤသို့ပေးကမ်းခြင်းဖြစ်သည်။ သူသည် မပြည့်စုံစွာ၊ မရိုးဖြောင့်စွာလုပ်ဆောင်ခြင်းဖြစ်သည်။ ကျွန်တော်တို့၏ ကောင်းကင်ဘုံရှင်ဖခင်သည် မည်မျှသာလွန်စွာလုပ်ဆောင်လိမ့်မည်နည်း။ ကျွန်တော်တို့သည် သူ့ထံမှ သန့်ရှင်းသောဝိညာဉ်တော်ကို တောင်းခံကြသောအခါ သူကလှောင်ပြောင်သရော်လိမ့်မည်လော? ကျွန်တော်တို့လိုအပ်သောအရာအားလုံးကို သူသိ၏။ ထိုလိုအပ်ချက်များကိုဖြည့်ဆည်းဖို့ သူ၏ကျေးဇူးတော်ပလ္လင်သို့ ကျွန်တော်တို့ ချဉ်းကပ်ကြသောအခါ ကျွန်တော်တို့ကိုနှစ်သက်သဘောကျတော်မူ၏။ သူသည်ကျွန် တော်တို့တောင်းလျှောက်သော အရာအားလုံးကို အသေအချာပေးအပ်လိမ့်မည်ဖြစ်၏။

ဆုတောင်းခြင်း၏အဖြေရရှိဖို့ သေချာစေသောအကြောင်းအရာများစွာရှိ၏။ (ပထမဆုံး)- ဘုရားသခင်သည် သူကိုယ်တိုင်လုပ်ထားသောအရာကို မသိကျိုးကျွံလုပ်လိမ့်မည်မဟုတ် သောကြောင့်ဖြစ်၏။ ကျွန်တော်တို့သည် မိမိကိုယ်ပိုင်ခွန်အားဖြင့် ဆုတောင်းနိုင်စွမ်းမရှိသလို၊ ဆုလဲမတောင်းချင်ကြပါ။ ဘုရားသခင်က ကျွန်တော်တို့၏ ဆုတောင်းခြင်းထဲတွင် ကျွန်တော်တို့ကို သူ့အထဲသို့ယူသွင်းလိုက်သည်။ ဘုရားသခင်က ကျွန်တော်တို့အထဲတွင် ဆုတောင်းလိုစိတ် ဖြစ်ပေါ်စေလိုက်သောအခါတွင်သာ ကျွန်တော်တို့၏ အသက်တာထဲမှ လိုအပ်ချက်များအတွက် သူ့ထံသို့ဦးညွှတ်လျက် ရှာဖွေနိုင်ကြခြင်းဖြစ်၏။ ကျွန်တော်တို့၏ဆုတောင်းနိုင်ခြင်းသည် သူ့ကျေးဇူးတော်၏အသီးအပွင့်ဖြစ်၏။ ကျွန်တော်တို့အထဲမှ သူ့လက်ရာတော်ကို သူကမသိကျိုးကျွန်ပြု လိမ့်မည်လား? ဤသို့မဖြစ်နိုင်ပါ။

(ဒုတိယ)-သခင်ခရစ်တော်က ကျွန်တော်တို့အတွက်ဆုတောင်းပေးနေသည်။ ကျွန်တော်တို့၏ထာဝရယဇ်ပုရောဟိတ်ကြီးသည် ဘုရားသခင်ကိန်းဝပ်တော်မူရာ အသန့်ရှင်းဆုံးသောဌာနတော်ထဲသို့ဝင်ရောက်သွားပြီဖြစ်၏။ သခင်ခရစ်တော်သည် ဘုရားသခင်နှင့်မျက်နှာချင်းဆိုင်လျက် ကျွန်တော်တို့အတွက် မရပ်မနား ဆုတောင်းပေးလျက်ရှိ၏။ ကျွန်တော်တို့ဆုတောင်းဖို့မေ့ လျော့သောအချိန်တွင်လည်း သခင်ခရစ်တော်က ကျွန်တော်တို့အတွက်ဆုတောင်းပေးလျက်ရှိ၏။ ကျွန်တော်တို့အပြစ်လွှမ်း လျက်ဆုတောင်းကြသောအခါတွင် ကျွန်တော်တို့၏ယဇ်ပုရောဟိတ်ကြီးက ထိုဆုတောင်းချက်များကိုစုံလင်အောင်ပြုလုပ်လိုက်၏။ ကျွန်တော်တို့မတောင်းသင့်သောအရာများကို တောင်းလျှောက်ကြသောအခါတွင်လည်း ကျွန်တော်တို့၏ယဇ်ပုရောဟိတ်ကြီးက ထိုအရာများကိုမပေးဖို့ ဘုရားသခင်အားပြောပြ၏၊ အဘယ်ကြောင့်ဆိုသော် ထိုအရာများကကျွန်တော်တို့ကိုဒုက္ခပေးလိမ့်မည်ဖြစ်သောကြောင့်ဖြစ်၏။ ကျွန်တော်တို့၏ဖခင်သည် သူ၏တပါးတည်းသောသားတော်ခရစ်တော်၏ဆုတောင်းချက်များကို လျစ်လျူရှုနိုင်မည်လော?

(တတိယ)- ကျွန်တော်တို့ဆုတောင်းသောအခါတွင်နားထောင်ဖို့ရန် ဘုရားသခင်၏ထာဝရအလိုတော်ဖြစ် ၏။ သူသည် ကျွန်တော်တို့လိုအပ်သမျှအရာအားလုံးကိုပေးအပ်ဖို့ ထာဝရကာလကထဲကဆုံးဖြတ်ထား၏။ ကျွန်တော် တို့သည် သူက လုပ်ဆောင်ဖို့ရည်ရွယ်ထားသောအရာများအတွက်ဆုတောင်းကြရမည်။ ကျွန်တော်တို့သည် သူ၏အ မှုတော်၊ သူ၏နိုင်ငံတော်၊ သူ၏ပဋိညာဉ်တရားတော်တို့အတွက်ဆုတောင်းကြရမည်။ ဤအရာများ တိုးပွားထွန်းကား ခြင်းရှိစေဖို့၊ ကောင်းချီးပေးဖို့၊ ဘုရား သခင်စိတ်ပိုင်းဖြတ်ထား၏။ ထို့ကြောင့် ကျွန်တော်တို့ဤသို့ဆုတောင်းကြလျှင် သူသည်အသေအချာနားထောင်လိမ့်မည်ဖြစ်၏၊ အဘယ့်ကြောင့်ဆိုသော် သူသည်သူ့ကိုယ်သူမငြင်းဆန်နိုင်သောကြောင့်ဖြစ်၏။

ဤသို့သောသေချာမှုမျိုးသည် မည်မျှကြီးမြတ်၍၊ အံ့ဩဘွယ်ဖြစ်ပါသနည်း! ထို့ကြောင့် ကျွန်တော်တို့ဆုတောင်းသံများကိုနားထောင်ခြင်းရှိမည့်အကြောင်းစိတ်ချထားနိုင်၏။

တောင်းလော့၊ ရလိမ့်မည်။ ရှာလော့၊ အသေအချာတွေ့လိမ့်မည်။ ခေါက်လော့၊ သင့်အတွက်အသေအချာဖွင့်ပေးလိမ့်မည်။ ဘုရားသခင်ကိုယ်တော်တိုင်ကတိပေးထား၏။ အဖြေမရဘဲကျော်လွန်သွားသော သန့်ရှင်းသူ၏ ဆုတောင်းချက်ဆိုတာမျိုးမရှိပါ။ ရှာဖွေသောဝိညာဉ်တိုင်းမတွေ့ဘဲမနေပါ။ ဘုရားသခင်၏ခိုလှုံရာအရပ်ကိုသွား၍တံခါးခေါက်သူများ လှည့်ပြန်သွားရသည်ဟူ၍မရှိပါ။ ဘုရားသခင်၏ပလ္လင်တော်ရှေ့မှာ- ကျွန်တော်တို့နှလုံးသားများ ပူပန်သောကကြို့နေချိန်တွင် လိုအပ်သောငြိမ်သက်ခြင်းကိုရကြလိမ့်မည်၊ ဘဝဝန်ထုပ်ဝန်ပိုးများလေးလံစွာဖိစီးချိန်တွင် လိုအပ်သောခွန်အားကိုရကြလိမ့်မည်။ တနေ့စာစမ်းသပ်စစ်ဆေးခြင်းနှင့်ပြင်းထန်တင်းကျပ်ခြင်းတို့အတွက် လိုအပ်သော

**ကျေးဇူးတော်ကိုခံစားကြရလိမ့်မည်။ ဘဝပြဿနာများကိုဖြေရှင်းဖို့ လိုအပ်သောဉာဏ်ပညာကိုရကြလိမ့်မည်။ တိုက်ပွဲအတွင်းမှာလိုအပ်သောသစ္စာရှိခြင်းရရှိကြလိမ့်မည်။ သေမင်း၏အရိပ်ဖုံးလွှမ်းသောချောက်ထဲသို့လျှောက်လှမ်းသွားဖို့ လိုအပ်သောရဲစွမ်းသတ္တိကိုရရှိကြလိမ့်မည်။ ကျွန်တော်တို့ထာဝရကာလသို့ ရောက်ချိန်တွင် ကျွန်တော်တို့၏ ကောင်းကင်ဘုံရှင်ဖခင်သည် ကျွန်တော်တို့၏ဆုတောင်းခြင်းအားလုံးကို နားထောင်၍ (သူအလိုရှိသောအချိန်တွင် သူအလိုရှိသည့်အတိုင်း) အဖြေပေးခဲ့ပြီးဖြစ်ကြောင်းထင်ရှားစွာတွေ့ကြရမည်ဖြစ်ပါ၏။**

(The Mysteries of the Kingdom, Rev. Herman Hanko **၏စာအုပ်ထဲမှ ဘာသာပြန်ပါသည်။**)

++++++++++++++++++++++++++++++++++++++++

**ဟေဗြဲ ၁၂း၁–၁၃ (ကျိန်းဘုရင်မူ)**

**၁ – ငါတို့ကို ထိုမျှလောက်ကြီးမားသော သက်သေခံတိမ်တိုက်ကြီးက ဝိုင်းရန်ထားသည်ကို တွေ့ရသဖြင့်၊ ငါတို့သည် ဝန်ထုတ်ဝန်ပိုးဖြစ်စေသည်များအားလုံးကို ဘေးဖယ် ထားကြပါမည်၊ ထို့အပြင် ငါတို့ကို အလွန်လွယ်ကူစွာ ဝိုင်းရန်ဒုက္ခပေးတတ်သော အပြစ်ကိုလည်း ဘေးဖယ်ထားကြကာ၊ ငါတို့ရှေ့၌ထားသော ပြိုင်ပွဲကို သည်းခံခြင်းနှင့် ပြေးကြ ပါမည်။ ၂ – ငါတို့ယုံကြည်ခြင်းကို ဖြစ်စေသူ၊ ပြီးပြည့်စုံစေသူသခင်ယေရှုကို ကြည့်လျှက်ပြေးကြမည်၊ သူသည် မိမိရှေ့တွင် ထားသောဝမ်းမြောက်ခြင်းအတွက်၊ အရှက်တကွဲဖြစ်ရခြင်းကို အထင်သေးလျှက် လက်ဝါးကပ်တိုင်ကို ခံစားခဲ့သည်၊ ယခုတွင် ဘုရားသခင်၏ပလ္လင်တော်လက်ျာဖက်တွင် ထိုင်လျှက်ရှိပါသည်။ ၃ – အပြစ်သားတို့၏ ထိုမျှလောက်ဆန့်ကျင်ဖက်ပြုခြင်းကို သူသည် သည်းခံတော်မူသည်ကို ဆင်ခြင်ကြပါ၊ သို့မဟုတ်ပါက သင်တို့စိတ်ထဲတွင် ညီးငွေ့စိတ်ပျက်ကြမည်စိုးရပါသည်။ ၄ – သင်တို့သည် အပြစ်ကိုဆန့်ကျင်ရာတွင် သွေးထွက်သံယိုဖြစ်လောက်အောင် မတားဆီးကြသေးပါ။ ၅ – ထို့အပြင် ငါ့သား ဘုရားသခင်၏ဆုံးမခြင်းကို အထင်မသေးနှင့်၊ အဆူခံရသောအခါ စိတ်မပျက်နှင့်ဟု သင်တို့ကို မိမိသားသမီးများသဖွယ်ပြောနေသူကိုလည်း မေ့နေကြပါသည်။ ၆ – အဘယ်ကြောင့်ဆိုသော် ဘုရားသခင်သည် ချစ်သောသူကို ဆုံးမတတ်ပါသည်၊ သားဟုလက်ခံသူတိုင်းကို ပြစ် ဒဏ်ပေးတတ်ပါသည်။ ၇ – သင်တို့ ဆုံးမခြင်းခံရလျှင်၊ ဘုရားသခင်က သင်တို့ကို သူ၏ သားများကဲ့သို့ ဆက်ဆံခြင်းဖြစ်သည်။ မည်သည့်သားသည် ဖခင်၏ဆုံးမခြင်း မခံရဘဲနေပါသနည်း? ၈ – ကျန်အားလုံး ဆုံးမခြင်းကို ခံကြလျှက်၊ သင်တို့သာမခံရလျှင်၊ သင်တို့သည် မိစ်ဖစ်မဟုတ်သော သားသမီးများ ဖြစ်ကြပါမည်၊ သားသမီးအရင်း မဟုတ်ကြတော့ပါ။ ၉ – ထို့အပြင် ငါတို့ကို အမှားပြင်ပေးကြသည့် ဖခင်များရှိကြပါသည်၊ သူတို့ကို ငါတို့ လေးစားကြပါသည်၊ ထို့သို့ဖြစ်သဖြင့် အမြဲတမ်း ရှင်တော်မူသော ဝိညာဉ်တို့၏ဖခင်ကို ပို၍နာခံကြရမည်မဟုတ်ပါလား? ၁၀– သူတို့သည် မိမိတို့အလိုဆန္ဒအတိုင်း ငါတို့ကို ရက်အနည်းငယ် ဆုံးမတတ်ကြပါသည်၊ သို့သော် သူသည် ငါတို့အကျိုးအတွက်သာ ဆုံးမပါသည်၊ သူ၏သန့်ရှင်းခြင်းကို ပါဝင်ဆက်ဆံနိုင်ကြရန်ဖြစ်သည်။ ၁၁ – လက်ရှိချိန်ဆုံးမခြင်းမှန်သမျှသည် ပျော်ရွှင်စရာဟု ထင်မှတ်ရန်မရှိပါ၊ ဆိုးဝါးလှသည်ဟုသာ ထင်မှတ်ရပါသည်။ သို့သော် နောက်ပိုင်းတွင် ဆုံးမခံရသူတို့ထံ၌ ဖြောင့်မတ်ခြင်း၏ငြိမ်သက်သောအသီးကို သီးလာစေပါသည်။ ၁၂ – ထို့ကြောင့် တွဲကျနေသောလက်များကို မြှောက်ထားကြပါ၊ ချိနဲ့နေသောဒူးတို့ကို ခိုင်မာစေကြပါ။ ၁၃ – သင်တို့၏ခြေလှမ်းများကိုဖြောင့်စေကြပါ၊ သို့မဟုတ်ပါက မသန်စွမ်းသောခြေများသည် လမ်းဘေးသို့ချော်သွားပါမည်၊ ထိုသို့မဖြစ်စေဘဲ ပျောက်ကင်းစေကြရမည်။**